မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၆၆)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော် ကွန်မြူနစ်ပါတီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော် ကွန်မြူနစ်ပါတီအတွင်းရေးမှူး H. E. Mr. Le Thanh Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော် ကွန်မြူနစ်ပါတီအတွင်းရေးမှူး H. E. Mr. Le Thanh Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဟိုချီမင်းမြို့တော် ကွန်မြူနစ်ပါတီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ရန်ကုန်မြို့နှင့် ဟိုချီမင်းမြို့တော်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြို့တော်အဖြစ် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားလာမှုလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့အကြီးဆုံး သစ်ခွဥယျာဉ် တရုတ်၌ စတင်တည်ဆောက်

ဟိုင်ကူ မတ် ၁၃

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တောင်ပိုင်း ဟိုင်ကူမြို့တွင် ကမ္ဘာပေါ်၌ အကြီးမားဆုံး သစ်ခွဥယျာဉ်ကြီး တစ်ခုကို တည်ဆောက်နေရာ တစ်နှစ်လျှင် သစ်ခွပွင့်ပေါင်း သန်း ၆၀ ခန့်ထွက်ရှိမည်ဟု မျှော်မှန်းထားကြောင်း ဟိုင်ကူမြို့ အုပ်ချုပ်ရေးအာဏာပိုင်များက မတ် ၁၂ ရက်တွင် ပြောကြားသည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံး သစ်ခွစိုက်ခင်းကြီး တစ်ခုကိုလည်း ထူထောင်စိုက်ပျိုးမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၈ သန်းခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ၎င်းသစ်ခွစိုက်ပျိုးခြင်းကို လေးနှစ်အတွင်း အပြီး ပြုလုပ်မည်ဖြစ်သည်။ **(အပေါ်ယာပုံ)**

အဆိုပါ သစ်ခွဥယျာဉ်ကြီးသည် ဟိုင်ကူမြို့ လောင်ဟွာခရိုင်အတွင်းတည်ရှိပြီး မြေအကျယ် ၆၆၆ ဒသမ ၇ ဟက်တာခန့်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ အလုပ်အကိုင် ၁၀၀၀ ခန့် ရရှိမည့်လုပ်ငန်းလည်းဖြစ်သည်။ သစ်ခွစိုက်ခင်းများကို ယခုလမှ စတင်ကာစိုက်ပျိုးလျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှုရှိစေမည့် သစ်ခွဥယျာဉ်ကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

တောင်သူလယ်သမားများ ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးအမြတ်ရရှိအောင် ဥစ္စာရင်လို ဥစ္စာရင်ခဲကြိုးပမ်း စာ-၆

ကော့ကရိတ်နှင့် ညောင်လေးပင်မြို့နယ်တို့၌ လေပြင်းများ တိုက်ခတ်၊ မိုးရွာသွန်း စာ-၁၀

တိုက်တန်းနစ်ရုပ်ရှင်ဒါရိုက်တာဂျိမ်းစ်ကင်မရွန် ကမ္ဘာ့ရေအနက်ဆုံးနေရာသို့ ဆင်းသက်မည်

မောင်မောင်မြင့်ဆွေ ရေးသားသည်

ကမ္ဘာကျော် တိုက်တန်းနစ်ရုပ်ရှင်ကားကြီးကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာဂျိမ်းစ်ကင်မရွန်ဟာ ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းမှာရှိပြီး မာရီရာနာထရန့်လို့ အမည်ပေးထားတဲ့ ပစိဖိတ်သမုဒ္ဒရာရဲ့ ရေအနက်ဆုံးနေရာကို လာမယ့် သီတင်းပတ်မှာ ဆင်းသက်လေ့လာတော့မှာ ဖြစ်ပါတယ်။ ***(ယာပုံ)***



အဲဒီနေရာဟာ ပစိဖိတ်သမုဒ္ဒရာရဲ့ ရေအနက်ဆုံးအပိုင်းဖြစ်ပြီး ရေမျက်နှာပြင်ကနေ ခုနစ်မိုင်လောက်နက်တယ်လို့ ဆိုပါတယ်။ ဂျိမ်းစ်ကင်မရွန်ဟာ အဲဒီနေရာကို ဆင်းသက်ဖို့အတွက် ပထမဆုံးအနေနဲ့ ပါပူဝါနယူးဂီနီနိုင်ငံ ကမ်းလွန်ရေပြင်အောက် ရေအနက် ငါးမိုင်အထိ စမ်းသပ်ဆင်းသက်ခဲ့ရာမှာ အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒါကြောင့် အခုလို ပစိဖိတ်သမုဒ္ဒရာရဲ့ ရေအနက်ဆုံးအပိုင်းကို ဆင်းသက်ဖို့ အသင့်ဖြစ်နေပြီလို့ ဂျိမ်းစ်ကင်မရွန်က ဆိုပါတယ်။

ကမ္ဘာ့ရေအနက်ဆုံးနေရာတစ်ခုဖြစ်တဲ့ မာရီရာနာထရန့်ကို တစ်ယောက်စီးရေငုပ်သင်္ဘောတစ်ခုသဖွယ် တည်ဆောက်ထားတဲ့ ယာဉ်ငယ်နဲ့ ဆင်းသက်မှာဖြစ်ပါတယ်။ ဒီလိုဆင်းသက်ခြင်းဟာ ကမ္ဘာ့ရေအနက်ဆုံး ကြမ်းပြင်ချိုင့်ဝှမ်းတစ်ခုအတွင်းမှာ သိပ္ပံသုတေသီများအနေနဲ့ ကျွန်ုပ်တို့ ကမ္ဘာအတွက် အရင်ကမသိရှိမဖော်ထုတ်နိုင်ခဲ့တဲ့

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်)

ကလေးများနှင့် ဝက်သက်ရောဂါ

ဝက်သက်ရောဂါသည် အသက်ငါးနှစ်အောက် ကလေးငယ်များတွင် အဖြစ်များသည့်ရောဂါတစ်မျိုး ဖြစ်သည်။ အဆိုပါ ရောဂါသည် ဝက်သက်ရောဂါ ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်ရသည့် ကူးစက်ရောဂါ ဖြစ်သည်။ ထိုရောဂါမှာ အများအားဖြင့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် ဖြစ်ပွားလေ့ရှိသည်။

အဆိုပါရောဂါသည် စနစ်တကျ ကာကွယ်ကုသနိုင်စွမ်းမရှိလျှင် အသက်ဆုံးရှုံးနိုင်သည်။ မိဘများအနေဖြင့် ကလေးများ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံရေးကို အလေးပြုဆောင်ရွက်သင့်ပေသည်။

မြန်မာနိုင်ငံတွင် ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများမှ ကင်းဝေးစေရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို ၁၉၇၈ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။ ယင်းတို့တွင် ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများသည် ၂၀၁၅ ခုနှစ်တွင် ဝက်သက်ရောဂါကင်းစင်ရေး ရည်မှန်းဆောင်ရွက်နေသည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း ဝက်သက်ရောဂါကင်းစင်သော နိုင်ငံအဖြစ်ရပ်တည်နိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိ၏။

ထို့ကြောင့်ပင် လာမည့် မတ် ၂၂ ရက်မှ မတ် ၃၁ ရက်အထိ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းစီမံချက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုတို့၌ ကလေးငယ်ပေါင်း ၆ ဒသမ ၄ သန်းခန့်အား ကာကွယ်ဆေးထိုးနှံပေးရန် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားမှု ပိုမိုဖြစ်ပွားလာသည့် အခြေအနေကြောင့်သော်လည်းကောင်း၊ ကာကွယ်ဆေးထိုးနှံမှု လွှမ်းခြုံနိုင်ရန်အတွက်လည်းကောင်း၊ ဝေးလံ ခက်ခဲသည့်နေရာများရှိ ကလေးများပါ မကျန်စေရေးအတွက်လည်းကောင်း အစုလိုက်ကာကွယ်ဆေးထိုးနှံရေးကို စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ဝက်သက်ရောဂါသည် အသက်တစ်နှစ်အောက်ကလေးများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ ဒုတိယဖြစ်ပွားမှုအများဆုံးမှာ အသက်ငါးနှစ်မှ ကိုးနှစ်အရွယ်ကလေးများဖြစ်ကြောင်း သိရသည်။ ဝက်သက်ရောဂါသည် ငယ်စဉ်က ဗိုင်းရပ်(စ်)ပိုး ကူးစက်မခံရသည့်အတွက် မဖြစ်ပွားခဲ့သော်လည်း အသက်အရွယ်ကြီးသည့်အခါ ဗိုင်းရပ်(စ်)ပိုးကူးစက်ခံရလျှင် ရောဂါဖြစ်ပွားနိုင်သည်။

မြန်မာနိုင်ငံ၌ (၂၀၁၀)ခုနှစ် ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်မှု ၈၈ ရာခိုင်နှုန်းရှိပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကြောင့် ငါးနှစ်အောက်ကလေးများတွင် ဝက်သက်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်သည့် မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း၊ ပြင်းထန်စွာ ဝမ်းလျှောခြင်း၊ အရည်ခန်းခြောက်ခြင်း၊ နားပြည်ယိုခြင်းနှင့် ပြင်းထန်သော နမိုးနီးယားရောဂါများကို ကြိုတင်ကာကွယ်နိုင်ခဲ့သည်။

ထို့ကြောင့် ဝက်သက်ရောဂါသည် ဖြစ်မှကုသခြင်းထက် ကာကွယ်ခြင်းက ပိုကောင်းပေသည်။ ကာကွယ်ဆေးထိုးနှံခြင်းသည် အကောင်းဆုံးကုသခြင်းနှင့် ကာကွယ်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များ ဝက်သက်ရောဂါကူးစက်မှု မခံရစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးမည့် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံရေးစီမံချက်တွင် မပျက်မကွက်သွားရောက်၍ ကာကွယ်ဆေးထိုးနှံကြပါရန် အလေးအနက် တိုက်တွန်းလိုက်ရပါသည်။ ။

ဂုဏ်ပူဇာသဘင်ပူဇော်ပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ကမ္ဘဋ္ဌာန်းကျောင်း ပဓာနနာယက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ မြန်မာစာဌာန ပါမောက္ခ ဌာနမှူး ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကန္တာဘာသအား အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်းအတွက် ဂုဏပူဇာဂုဏ်ပြု ပူဇော်ပွဲအခမ်းအနားကို မတ် ၈ ရက် မွန်းတည့် ၁၂ နာရီက ညောင်လေးပင်မြို့ ကမ္ဘဋ္ဌာန်းကျောင်းတိုက်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရဆရာတော်အား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာနမှ ဦးသုမင်္ဂလနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် ဦးဇောတိကတို့က ထောမနာဂါထာတော်တို့ဖြင့် ပူဇော်ကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးက သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားကာ တပည့်ဒါယကာ ဒါယိကာမများက သီလခံယူဆောက်တည်ကြ၍ ဘွဲ့တံဆိပ်တော်ရဆရာတော်နှင့်ပင့်သံဃာဆရာတော် ၃၂ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းပူဇော်ခဲ့ကြကြောင်းသိရှိရသည်။ (၁၃၈)

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းဖွင့်ပွဲကျင်းပ

ရွှေကျင် မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာအုပ်စုတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဂဝံမြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၉ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဂဝံမြေသားလမ်း ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားကာ အဆိုပါလမ်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ (အောက်ပုံ)

အဆိုပါ ဂဝံမြေသားလမ်းလုပ်ငန်းကို နိုင်ငံတော် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၁၅ သိန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၂၂၅ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၂ ပေ ၆ လက်မ ဖြစ်ကြောင်း သိရှိရသည်။ (၀၀၁)

ထားဝယ်မြို့နယ်အသင်း(မော်လမြိုင်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မော်လမြိုင် မတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထားဝယ်မြို့နယ်အသင်း (မော်လမြိုင်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပညာရည်ချွန်ဆုပေးပွဲနှင့်သက်ကြီးပူဇော်ကန်တော့ပွဲကို မော်လမြိုင် ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်အစည်းအဝေးခန်းမတွင် မတ် ၄ ရက်နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ အသက် ၇၅ နှစ်အထက် ဘိုးဘွားကိုးဦးတို့အား ထားဝယ်မြို့နယ်အသင်း(မော်လမြိုင်)မှ အသင်းဝင်များက ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ထားဝယ်မြို့နယ်အသင်း(ရန်ကုန်)မှအသင်းနာယကဦးစိုးမြင့်နှင့် ထားဝယ်မြို့နယ်အသင်း(မော်လမြိုင်)ဥက္ကဋ္ဌဦးစွန်စိမ်းတို့က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးသန်းစိန်က ၂၀၁၁ ခုနှစ် တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များနှင့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်သွင်းဖတ်ကြားပြီး အတည်ပြုချက်ရယူကာ ၂၀၁၂ ခုနှစ် အတွက် အမှုဆောင်အသစ် အသင်းနာယက လေးဦးနှင့် ဥက္ကဋ္ဌ ဦးစွန်စိမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့်၊ ဦးကြည်ဝင်း၊ အတွင်းရေးမှူး ဦးသန်းစိန် အပါအဝင် ၁၂ဦးအား ရွေးချယ်ကြသည်။

ယင်းနောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထားဝယ်အသင်း(မော်လမြိုင်)မှ ထူးချွန်အသင်းဝင် သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ထားဝယ်အသင်း(မော်လမြိုင်) ကြယ်စင်ဟိန်း၊ သီဟမင်း၊ မင်းထက်ဟိန်း အဆင့်မြင့် မှန်လုံယာဉ်လိုင်းပိုင်ရှင် ဦးစိန်မြင့်၊ ဒေါ်ညွှန့်တင်မိသားစုကမော်လမြိုင်အထက (၈)မှ နှစ်ဘာသာဂုဏ်ထူးရှင် မဇင်မျိုးမြတ်အား ငွေကျပ်သုံးသောင်းနှင့် ရိုးရိုးအောင်နှစ်ဦးအား ငွေကျပ်တစ်သောင်းစီထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၀၇)

ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်း

ညောင်တုန်း မတ် ၁၃

ရွှေပဒေသာကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် အခြေခံပညာမူလတန်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တိုးမြှင့်ဖွင့်လှစ်ပွဲကို ညောင်တုန်းမြို့နယ် ပေစိကျွန်းကျေးရွာတွင် မတ် ၆ ရက်က ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ အလှူရှင် ဦးမြင့်လွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီးလူမှုရေးဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဦးမြင့်လွင်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်ကို ကေခိုင်ဦး ဆောက်လုပ်ရေးကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်လွင်-ဒေါ်ခင်နှင်းကြည်(အထက ၁၊ စစ်ကိုင်း) မိသားစုက ငွေကျပ် သိန်း ၁၅၀ အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၀၈၂)

မတ် ၈ရက်က မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ ကျင်းပသော မိုးပွင့်အဆင့် (၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲအခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးကြည်လင် စီမံချက်လုပ်ငန်းများကို ဒေသခံကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ရှင်းလင်းပြောကြားစဉ်။ (ပြည်နယ် လဝက)

ပန်းချီဆရာကြီး ဦးညဏ်ရှိန် အမှတ်တရပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ပခုက္ကူ ဦးအုံးဖေစာပေဆုရ စာရေးဆရာ ညိုဝင်းရှင်(ခ)ပန်းချီဆရာကြီး ဦးညဏ်ရှိန် ကွယ်လွန်ခြင်း (၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဆရာကြီး၏ စာပေလက်ရာများနှင့် ပန်းချီလက်ရာများအပြင် ဆရာကြီး၏ မိတ်ဆွေတပည့်များဖြစ်ကြသည့် ပန်းချီဆရာ ဦးလှသိမ်းအောင်၊ ဦးမောင်မောင်သိမ်း၊ ဦးလှတင်ထွန်း၊ ဦးတင်အောင်ထိုက်၊ ဦးစိုးမြင့်ဒွဏ်း၊ ဦးဝင်းမြင့်မိုး၊ ဦးခင်မောင်ကျော်ဦး၊ ဦးလှထွန်းအောင်၊ ဦးဝင်းမောင်ရွှေတို့ရေးဆွဲခဲ့ကြသည့် ဂုဏ်ပြုအမှတ်တရ ပန်းချီကားများကို မတ် ၁၈ ရက်မှ ဧပြီ ၄ ရက်အထိ အမှတ် (၂) ပန်းလှိုင်လမ်း(အာရှတော်ဝင်လမ်းရှေ့) စမ်းချောင်းမြို့နယ်၌ ပြသသွားမည်ဖြစ်ရာ မည်သူမဆိုလာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ (၀၂၁)

သမဝါယမအသင်း ချေးငွေ ကျိုင်းတုံ၌ ပေးအပ်

ကျိုင်းတုံ မတ် ၁၃

ကျိုင်းတုံခရိုင် (ဂျီအီးစီ)ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း ချေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ချေးငွေ ကျပ်သိန်း ၃၀ကိုပေးအပ်ရာ ကျိုင်းတုံခရိုင် (ဂျီအီးစီ) ဥက္ကဋ္ဌ ဦးကျော်မိုးအောင်နှင့် ကျိုင်းတုံမြို့ ငွေစုငွေချေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးစောနိုင်တို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လေးဒေါင့်ကန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို မတ် ၉ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစက်ရွှေနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

ဝိုင်းဝန်းကူညီ

ထိုသို့ ဆောင်ရွက်လုပ်ကိုင်ရာ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်နှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၄၅)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်သည် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အမေရိကန်ဆက်ဆံရေး ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

လုပ်ငန်းများနှင့် လက်တံမြောင်း၊ လယ်ကြားမြောင်းများပြုပြင်ရန်အတွက် ခန့်မှန်းမြေကြီးကျင်း(၁၄၂၅၀)ခန့် လုပ်ငန်းဆောင်ရွက်ရန်နှင့် ချို့ယွင်းပျက်စီးသွားသော ရေပေးအဆောက်အအုံအချို့ ပြန်လည် ပြုပြင်ရန် လိုအပ်သည့်အနက် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရေပေးမြောင်းများပြုပြင်ခြင်းလုပ်ငန်းမြေကြီးကျင်း(၇၀၀၀)အတွက် ရန်ပုံငွေကျပ် (၁၂ ဒသမ ၃၄)သန်းခွင့်ပြုပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိသော မြေကြီးလုပ်ငန်းနှင့် ချို့ယွင်းပျက်စီးနေသော ရေပေးအဆောက်အအုံအချို့အား ၂၀၁၂-၂၀၁၃ ခုနှစ် ရန်ပုံငွေဖြင့် ပြုပြင်ရန်ဆောင်ရွက်ထားပြီးဖြစ်သဖြင့် စိုက်ပျိုးဧကပိုမိုတိုးတက်ရေပေးဝေနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ သစ်တောကဏ္ဍဆိုင်ရာမေးခွန်း(၃)ခုနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြန်လည်ဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ **သစ်များထုတ်လုပ်ရာတွင် တစ်နိုင်ငံလုံးမှ ထုတ်လုပ်သည့် သစ်တန်ပေါင်း(၁၇)သိန်းမှထွက်ရှိနိုင်သော ကိုင်းဖျားကိုင်းနားခန့်မှန်းတန်(၅၁၀၀၀၀)အား နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိရေးအတွက် ထုတ်လုပ်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း သစ်ထုတ်လုပ်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့်သစ်လုံးများထွက်ရှိရေးသာမက ခုတ်လှဲဖြတ်တောက်ပြီးနောက် ကျန်ရှိသည့်ကိုင်းဖျားကိုင်းနားများကိုလည်း သစ်များလေလွင့်ပြုန်းတီးမှု မရှိစေရေးနှင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် ထုတ်လုပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မေးခွန်းပါကိုင်းဖျားကိုင်းနား ထွက်ရှိမှုခန့်မှန်းသည့်ပမာဏမှာ လက်တွေ့ဆောင်ရွက်နေသည့် အတွေ့အကြုံနှင့် စိစစ်ချက်များအရ များပြားနေပါကြောင်း၊ နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိရေးနှင့် သစ်သယံဇာတ လေလွင့်ပြုန်းတီးမှု မရှိစေရေးအတွက် ကျွန်းကိုင်းဖျားကိုင်းနားများကို စနစ်တကျစိစစ်ထုတ်ယူသွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးတွက်ခြေမကိုက်မှုနှင့် မသမာမှုများတားဆီးကာကွယ်ရမည့် အခြေအနေများကြောင့် သစ်မာကိုင်းဖျားကိုင်းနားများ ထုတ်လုပ်မှုကို လက်ရှိကာလတွင်ဆောင်ရွက်ရန် မရှိသေးပါကြောင်း၊ သို့ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သဘာဝတောမှ နှစ်စဉ်သစ်ထုတ်မှုပမာဏကို အချိုးကျလျှော့ချသွားမည်ဖြစ်ရာ ကိုင်းဖျားကိုင်းနားများသည်လည်း အတိုင်းအတာတစ်ခုအထိ အသုံးဝင်လာနိုင်မည်ဖြစ်ပါသဖြင့် ဈေးကွက်အခြေအနေအရ ထုတ်လုပ်လာနိုင်ပါက လွှတ်တော်ကိုယ်စားလှယ်ကြီးအကြံပြုသည့်အတိုင်း အနာဂတ်တွင် သစ်မာကိုင်းဖျားကိုင်းနားများ ထုတ်လုပ်ရန်အစီအမံများ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင်၏ **မော်လမြိုင်ကျွန်းမြို့နယ်တွင် သစ်တောကြိုးဝိုင်း(၃)ခု၊ ဧရိယာ(၅၄၂၃၂)ဧကမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် လူနေအိမ်ခြေများ ဖြစ်ပေါ်နေသည့်အတွက် ၄င်းဒေသရှိတောင်သူလယ်သမားများ၏ လက်ရှိအခြေအနေအပေါ် နိုင်ငံတော်အစိုးရ၏ သဘောထားအမြင်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သစ်တောကြိုးဝိုင်း(၃)ခု စုစုပေါင်းဧရိယာ (၅၄၂၃၂)ဧကအတွင်း ဒေသခံပြည်သူများက သစ်တောကြိုးဝိုင်းမြေများ ခုတ်ထွင်ရှင်းလင်း၍ ကျေးရွာ(၈၀) တည်ထောင်ပြီး ကျူးကျော်လယ်ယာ(၄၁၇၆၆)ဧက စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏စာရင်းအရ သိရှိရပါကြောင်း၊ ပင်လယ်ကမ်းခြေနှင့် ဆက်စပ်သည့်နေရာများတွင် ဒီရေတောပြုန်းတီးနေမှုကြောင့် မြေပြိုစားမှုများဆိုးရွားစွာဖြစ်ပေါ်နေသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း၊ ကြိုးဝိုင်းကျူးကျော်မှုများကို ဒေသခံပြည်သူများ၏ဘဝရှင်သန်ရပ်တည်ရေး၊ စားဝတ်နေရေး အဆင်ပြေစေရေးနှင့် မလိုလားအပ်သည့် ရှုပ်ထွေးမှုနှင့်ပြဿနာများ မပေါ်ပေါက်စေရေးအတွက် ဘက်ပေါင်းစုံမှ ချင့်ချိန်စဉ်းစားခဲ့ရပြီး သစ်တောဥပဒေအရ အရေးယူမှု မပြုလုပ်ခဲ့ပါကြောင်း။

ဖော်ပြပါကြိုးဝိုင်း(၃)ခုအတွင်းရှိ လယ်ယာနှင့်လူနေအိမ်ခြေများမှာ လက်ရှိဖြစ်ပေါ်နေသည့် မြေပြိုစားမှုများနှင့် နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်

ပတ်ဝန်းကျင်ထိန်း သိမ်း ရေး နှင့် သစ်တော ရေးရာ ဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

ကျရောက်ပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများကြုံတွေ့မည့် အခြေအနေများကြောင့် ရေရှည်လုပ်ကိုင်နေထိုင်ကြရန်ခက်ခဲလာမည်ဖြစ်ပါကြောင်း၊ အဆိုပါအကြောင်းအချက်များအရ ကြိုးဝိုင်းလည်းပျက်၊ လယ်ယာစိုက်ပျိုးအသက်မွေးဝမ်းကျောင်းပြုနိုင်မည့် အခွင့်အလမ်းများလည်း ရေရာသေချာမှုမရှိမည်ကိုထောက်ဆ၍ ကြိုးဝိုင်းများပယ်ဖျက်ပေးခြင်းအစား သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် နည်းစနစ်ကိုအခြေခံ၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းနှင့် ပုဂ္ဂလိကဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ မြေပြိုစားမှုနှင့်သဘာဝဘေးအန္တရာယ်ကို ထိန်းသိမ်းကာကွယ်နိုင်မည့် ပင်လယ်ပြင်နှင့် ထိစပ်သည့်ကမ်းခြေများတွင် ဒီရေတောသစ်ပင်များ စိုက်ပျိုးခြင်းတို့ကို ရေရှည်အကျိုး ရှေးရှုပြီးဆောင်ရွက်ရန် ခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်၏ **သစ်တောဝန်ထမ်းများကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြုချပေးထားပြီးဖြစ်သော အိမ်ရာ၊ မြေကွက်များနှင့် ပတ်သက်၍ မြေကွက်များပြန်လည်ရရှိရန် သို့မဟုတ် အစားထိုးပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်မြို့နယ်များတွင် ဌာနဆိုင်ရာဝန်ထမ်းများအား မြေကွက်များချထားပေးခဲ့ပါကြောင်း၊ ထိုသို့ချထားပေးခဲ့သောမြေကွက်များသည် နိုင်ငံတော်ကစီမံကိန်းဆောင်ရွက်မည့် ဧရိယာအတွင်း ပါဝင်ခဲ့ခြင်းများရှိခဲ့ပါကြောင်း၊ ၂၀၀၈ ခုနှစ်က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တွင် ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန် ဖော်ထုတ်ခဲ့ရာတွင် မြေကွက်ပေါင်း (၈၀၀၀) ကျော်ပါဝင်ခဲ့ပါကြောင်း၊ အဆိုပါမြေကွက်များသည် ၁၉၉၆ ခုနှစ်မှ စတင်၍ ချထားပေးသော မြေကွက်များဖြစ်သော်လည်း ကာလကြာမြင့်စွာပင် မြေပေါ်၌ လာရောက်အိမ်ဆောက်လုပ်ခြင်း၊ နေထိုင်ခြင်းမရှိသော မြေကွက်များဖြစ်ပြီး လာရောက်အိမ်ဆောက်လုပ်နေထိုင်သူ အနည်းစုအတွက် မြေကွက်များပြန်လည် နေရာချထားပေးနိုင်ခဲ့သော်လည်း လာရောက်နေထိုင်ခြင်းမရှိသူ အများစုအတွက် မြေကွက်များ ချထားပေးနိုင်ခဲ့ခြင်းမရှိခဲ့ပါသဖြင့် မြေကွက်များအတွက် ပေးသွင်းထားသည့် မြေကွက်ဖိုးပြန်လည်ထုတ်ပေးရန်ရှိပါကြောင်း။

ဝန်ကြီးဌာနအသီးသီးမှ လုပ်သက်မြင့်ဝန်ထမ်းများအား ချထားပေးခဲ့သည့် မြေကွက်များအား မြေကွက်ရရှိထားသူများက အိမ်ရာဆောက်လုပ်လာရောက် နေထိုင်မှုမရှိခြင်းအပေါ် နိုင်ငံတော်၏ လိုအပ်ချက်အရ အခြားစီမံကိန်းများအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသဖြင့် မြေကွက်ချထားပေးခြင်းခံရသော ဝန်ထမ်းများသို့ အဆိုပါအခြေအနေအား အကြောင်းကြားအသိပေးခြင်း၊ ဝန်ထမ်းများက ပေးသွင်းထားသော မြေစည်ပင်စရိတ်ငွေများအား အမြန်ပြန်လည် ထုတ်ပေးခြင်းတို့ကို ထင်သာမြင်သာရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အဆင်ပြေသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ မေးမြန်းခဲ့သည့် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏မေးမြန်းချက်ပါအကြောင်းအရာသည် ဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်၍ရနိုင်သည့် ကိစ္စမဟုတ်သည့်အတွက် မေးခွန်းပါအကြောင်းအရာနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ စာရေးသားတင်ပြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအကြီးအကဲမှတစ်ဆင့် ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်ပေးရန် မိမိအနေဖြင့်အဆိုပြုတိုက်တွန်းမည်ဖြစ်ပါကြောင်း၊ သို့မှသာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးခိုင်မောင်ရည်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် တင်ပြခဲ့သည့် အကြောင်းအရာများအား ပြည့်ပြည့်စုံစုံနှင့် ရှင်းရှင်းလင်းလင်းရေးသားပြီး အမြန်ဆုံးတင်ပြပေးရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ သွင်းကုန်ပို့ကုန်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၊ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး အတည်ပြုဆောင်ရွက်သည်။

မော်လမြိုင်ကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုလွင် မေးမြန်းစဉ်။
(သတင်းစဉ်)

သွင်းကုန်ပို့ကုန် ဥပဒေကြမ်းပါ ဥပဒေကြမ်းအမည်၊ အပိုဒ် ၁၊ အပိုဒ် ၂ (ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ)၊ အပိုဒ် ၃(က၊ ခ၊ ဂ၊ ဃ)၊ အပိုဒ် ၄ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည)၊ အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း၊ အခန်း(၃)ခေါင်းစဉ်နှင့်စပ်လျဉ်း၍ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း၊ အပိုဒ် ၁၀ နှင့် စပ်လျဉ်း၍ အင်းတော် မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း လွှတ်တော်က သဘောတူဆုံးဖြတ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်က တင်သွင်းခဲ့သော သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် လွတ်လပ်ပြီး အများပြည်သူယုံကြည်လက်ခံနိုင်သော အမျိုးသားအဂတိလိုက်စားမှု တားမြစ်ရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်က တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးက အမည်စာရင်း တင်သွင်းထားကြောင်း၊ အဆိုနှင့်စပ်လျဉ်း၍ **"သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေ (Anti-Corruption Law) အား ပြင်ဆင်ရေးဆွဲရေးနှင့် ဥပဒေပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူရေး"**ဟု အဆို၏ အမည်ကို ပြောင်းလဲဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းရာတွင် အထောက်အကူပြုရေးအတွက် အာဆီယံ နိုင်ငံ(၉)နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုလသမဂ္ဂတို့ရှိ **Anti- Corruption Law** ဆိုင်ရာ စာတွဲ(၁၅)တွဲ၏ မိတ္တူတစ်စုံစီကို ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ယနေ့ ဖြန့်ဝေပေးထားကြောင်းသိရှိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို မတ်လ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန ပြည်မြို့ မူလတန်းကြိုကျောင်း၏ ဉာဏစွမ်းရည်ပြိုင်ပွဲ ပန်းချီ၊ အက၊ ပုံပြော၊ ကဗျာ၊ သီချင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ အကပထမဆုရ မရှင်းကျော့မင်းအား ကျောင်းအုပ်ဆရာမကြီး ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၃

အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသိန်းညွန့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မိဘပြည်သူများခင်ဗျာ-

ခမောက်သုံးလုံးအမှတ်တံဆိပ်ဖြင့် ကျွန်တော် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီပါတီသစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၃) နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်ပါမယ်။ ဒဂုံဆိပ်ကမ်းမြို့နယ်မှာတော့ မွန်တိုင်းရင်းသားဖြစ်တဲ့ တရားလွှတ်တော်ရှေ့နေ ဦးဝင်းရွှေ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှာတော့ ဆရာချယ်နှင့်အတူ လူနည်းစုရေးရာများ ဆောင်ရွက်ခဲ့သူ ဦးဖုန်းမြင့်နှင့် မရမ်းကုန်းမြို့နယ်မှာတော့ ဟစ်ဟော့အဆိုတော်ရသလို့ လူသိများတဲ့ လူငယ်အဆိုတော် ဦးရဲမင်းသိန်း (ခ) ရသက ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံမှာဖြစ်ပါတယ်။

ကျွန်တော်ဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာလည်း ခမောက်ဆောင်းပြီး သဃ်န်းကျွန်းမဲဆန္ဒနယ် အမှတ်(၁)မှ ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာလည်း ဒီမိုကရေစီစနစ်ကို သွားလိုလျှင် ရွေးကောက်ပွဲလမ်းကြောင်းကို ဖြတ်သန်းရမှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲဝင်ခဲ့ရာ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ထပ်မံရွေးချယ်ခံခဲ့ရပါတယ်။ အားလုံးသိတဲ့အတိုင်း ၂၀၁၀ ရွေးကောက်ပွဲမှာလည်း သဃ်န်းကျွန်းလူထုက ခမောက်ဘေးမှာ အမှန်ခြစ်ပြီး ကျွန်တော်တို့ကို ဆန္ဒမဲပေးခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ ပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်အရ လွှတ်တော်အတွင်း၌လည်းကောင်း၊ လွှတ်တော်ပြင်ပ၌လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ ၂၀၁၀ ရွေးကောက်ပွဲဝင်ခဲ့တာဟာ ပြည်သူလူထုရဲ့ ဆင်းရဲမှုကို သက်သာဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးဟာ အဓိကပါ။ The Washington Post သတင်းစာမှ အကြီးတန်းအယ်ဒီတာရဲ့ မေးမြန်းချက်ကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြေကြားရာမှာ "သူများတိုင်းပြည်တွေမှာသွားပြီး အလုပ်လုပ်နေရတဲ့ ရွှေ့ပြောင်းအလုပ်သမား သုံးသန်းကျော်လောက်ရှိတယ်။ ပြည်တွင်းမှာလည်း ဆင်းရဲနွမ်းပါးမှုနှုန်းဟာ ၂၆ ရာခိုင်နှုန်းလောက်ရှိနေပါတယ်"လို့ သိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ဆင်းရဲမှုဒဏ်ခံပြီး ခေတ်နောက်ကျနေတဲ့နိုင်ငံကို လွှတ်တော်နိုင်ငံရေးလမ်းကြောင်းမှ ပြုပြင်ပြောင်းလဲရေးလုပ်နိုင်ရန် တို့မပါရင်မဲမပေးဖို့ ပြင်းပြင်းထန်ထန် တိုက်ခတ်ခဲ့တဲ့ နိုင်ငံရေးလေထုကို ရင်ဆိုင်ခဲ့ရပါတယ်။ အခုတော့ ကျွန်တော်တို့ရွေးကောက်ပွဲဝင်ခဲ့တာဟာ မှန်သလား မှားသလားဆိုတာ အချိန်က အဖြေပေးနေပါပြီ။

မိဘပြည်သူများခင်ဗျာ-

Voice ဂျာနယ်မှာ ဖော်ပြထားတဲ့ "လမ်းစပေါ်ပြီ မြူတွေဆိုင်းဆဲ ဘေးမှရပ်ကြည့်သူတစ်ယောက်ရဲ့ စိုးရိမ်သောကများ" ဆောင်းပါးမှာ စာရေးဆရာကျော်ဝင်းက အခုလိုရေးသားခဲ့ပါတယ်။ "အားလုံးသိကြသည့်အတိုင်း အဆိုပါ ပါတီများ ရွေးကောက်ပွဲဝင်ကြရသည်မှာ No Vote ဩဇာလေထုအောက် ရေဆန်လမ်းကို ဆန်တက်ကြခြင်းဖြစ်ပါသည်။ အမျိုးမျိုးသောပုတ်ခတ်ဝေဖန်စွပ်စွဲမှုများကို ရင်စည်းခံပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တွန်းလှန်ခဲ့ကြခြင်းဖြစ်သည်။ အရွှေ့တစ်ခုပေါ်လာမှ သူတို့၏အခန်းကဏ္ဍကို အသိအမှတ်ပြုဖို့ ငြင်းဆန်နေလျှင် ဘုရားပြီးငြမ်းဖျက် သဘောဖြစ်ပါလိမ့်မည်။ သူတို့တွေသည် ဘူးသီး သီးမှ အရိုးတော်သူများမဟုတ်၊ ယုံကြည်မှုတစ်ခုအတွက် အဆဲခံ အဆိုခံ အနစ်နာခံခဲ့သူများဖြစ်သည်။ "

အဆဲခံ အဆိုခံပြီး လွှတ်တော်ထဲရောက်သွားတဲ့ ကျွန်တော်ဟာ ရွေးကောက်ခံရပြီး တစ်နှစ်အတွင်းမှာ ဘာတွေလုပ်ခဲ့သလဲ၊ ဘာတွေလုပ်နေသလဲ။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၌ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲရေးအတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို မီးမောင်းထိုးပြခဲ့ပါတယ်။ (၂၆-၈-၂၀၁၁) ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှာတော့ "အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်" အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံသည့် အဆိုတင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး သမ္မတထံ သဝဏ်လွှာပို့ပြီးနောက်မှာတော့ ကွေကွင်းသူများရဲ့ ဝေဒနာကို သက်သာစေဖို့ အကျဉ်းထောင်တွေရဲ့ တံခါးပွင့်လာခဲ့ပါတယ်။ ယုံကြည်ချက် အကျဉ်းသားများအပါအဝင် ထောင်ကျအကျဉ်းသား သောင်းပေါင်းများစွာကို မိသားစု ရင်ခွင်သို့ ပြန်လည်ပို့နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မဟာဗျူဟာ (၃)ရပ်ဖြစ်တဲ့

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေး

၂။ ဒီမိုကရေစီအရေး

၃။ လူ့အခွင့်အရေး

ကို နည်းဗျူဟာဖြစ်တဲ့ တရားဥပဒေဘောင်အတွင်းက ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းရေး လမ်းကြောင်းအတိုင်း လွှတ်တော်အတွင်းမှာရော ကျွန်တော်တို့ ကြိုးပမ်းခဲ့ပါတယ်။ ငါနှင့်မတူ ငါ့ရန်သူလို့ သဘောမထားဘဲ အမျိုးသားအင်အားစုများဖြစ်ကြတဲ့ နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနှင့် နားလည်မှု ယုံကြည်မှု ထူထောင်နိုင်ခဲ့တဲ့အတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်ရေးအဆိုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ကိုလိုနီခေတ်မှ ယနေ့ခေတ်အထိ ကျင့်သုံးနေတဲ့ အကျဉ်းထောင်များ အက်ဥပဒေနေရာမှာ (၂၁) ရာစုနှင့်ညီညွတ်တဲ့ လူ့ဂုဏ်သိက္ခာကို အာမခံတဲ့ အကျဉ်းထောင်အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲရန် အဆိုပြုနိုင်ခဲ့ပါတယ်။ အခုဆိုရင် အဲဒီအဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ထားပြီးဖြစ်တဲ့အတွက် ဝန်ကြီးချုပ်ဟောင်း ဦးနုရေးသားခဲ့တဲ့ ရက်စက်ပါပေ့ကွယ် အကျဉ်းထောင်ပြုပြင်ပြောင်းလဲမှုကို ကျွန်တော်တို့ မြင်တွေ့ရပါတော့မယ်။

အရေးကြီးတဲ့လွှတ်တော်မေးခွန်းအချို့ကို ကောက်နုတ်ဖော်ပြရလျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်ဆောင်ဆန်းအပါအဝင် အာဇာနည်ကြီးများနှင့် ပတ်သက်၍ အာဇာနည်နေ့တွင် ကဗျာရွတ်ဆိုခြင်း၊ အတ္ထုပ္ပတ္တိဖတ်ကြားဆွေးနွေးခြင်းပြုနိုင်ရန် တင်ပြခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် အာဇာနည်နေ့မှာတော့ ကျွန်တော့်မေးခွန်း ရုပ်လုံးပေါ်လာပါလိမ့်မယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မိမိမဲဆန္ဒနယ်နှင့် သက်ဆိုင်သောရေးရာများ၊ နိုင်ငံနှင့်ပြည်သူများရဲ့ အကျိုးစီးပွားများနှင့် သက်ဆိုင်သော ပြဿနာများနှင့်စပ်လျဉ်းသော မေးခွန်းများ၊ အဆိုများတင်သွင်းခဲ့ပါတယ်။ အခုကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာတော့ ဥပဒေကြမ်းများ၊ မေးခွန်းများ၊ အဆိုများ တင်သွင်းခဲ့ပါတယ်။ အဲဒီ အဆိုတွေထဲမှာ အဓိက ဖော်ပြလိုတာကတော့ ယနေ့အချိန်ထိ ငွေများတရားနိုင်၊ ပုဒ်မလေးပေးမှလုပ်၊ အပိုင်း(၄) အပေးလိုင်း၊ ရေများများလောင်းနိုင်ဖို့ဆိုတဲ့ ဝေါဟာရကိစ္စပြဿနာပါ။ ဒါကြောင့် ကျွန်တော်ဟာ "သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အစိုးရပေါ်ပေါက်လာရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာ အရေးယူနိုင်ရန် လွတ်လပ်ပြီး အများပြည်သူ ယုံကြည်လက်ခံနိုင်သော အမျိုးသားအဂတိလိုက်စားမှုတားမြစ်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား လွှတ်တော်မှ တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခဲ့ပါတယ်။ လာဘ်ပေးလာဘ်ယူမှုကြီးထွားနေသမျှကာလပတ်လုံး ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုး ကြီးမားသကဲ့သို့ နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်တဲ့ အခွန်တော်များ ယိုပေါက်ဟာပေါက် ဖြစ်နေမှာပါပဲ။ ကင်ဆာရောဂါသဖွယ်ဖြစ်နေတဲ့ လာဘ်ပေးလာဘ်ယူမှုကို တားဆီးဖို့ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီပါတီသစ်က လက်တွေ့ဆောင်ရွက်သွားပါမယ်။

မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီပါတီသစ်ဟာ ဒေသဆိုင်ရာပြဿနာများနဲ့ ပတ်သက်၍လည်း အလေးထားဆောင်ရွက်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ ကျွန်တော်တို့ပါတီ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်က ရန်ကုန်မြို့တော်အတွင်း သောက်သုံးရေဖူလုံအောင် ဖြန့်ဖြူးပေးရေးအဆိုကို တင်ခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ကတိပေးခဲ့တဲ့အတိုင်း ရေမလာ၊ မီးမလာ၊ လမ်းမကောင်းတဲ့ ကိစ္စများကို အလေးထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ယခုအပတ်လွှတ်တော်သို့လည်း ကျောင်းသားလူငယ်များအပါအဝင် မိဘပြည်သူများ လိုလားနေတဲ့ မဟာသင်္ကြန်ကာလအတွင်း သံချပ်သံများ ပြန်လည်ခွင့်ပြုဖို့ သဃ်န်းကျွန်းမဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မှ တင်ပြခဲ့ရာ ၂၀၁၂ မြန်မာ့ရိုးရာ သင်္ကြန်ကာလမှာ သံချပ်သံများ ပြန်လည်ကြားရပါတော့မယ်။

ပြည်သူ့လွှတ်တော် အတွင်းမှာ ကျွန်တော်အဓိကပြင်ဆင်ပေးခဲ့တဲ့ အချက်များကတော့ ဧည့်စာရင်း တိုင်ကြားတဲ့ နေရာမှာ အခကြေးငွေမပေးရေး ကိစ္စပါပဲ။ ဒီလိုပါပဲ ဒီမိုကရေစီ အလေ့အကျင့်ကို ရပ်ကွက်အခြေခံမှ စတင်နိုင်အောင် လျှို့ဝှက်မဲပေးရေးစနစ် ကျင့်သုံးရေးအတွက် ကျွန်တော်တို့ ကြိုးပမ်းနိုင်ခဲ့ပါတယ်။ မအောင်မြင်ပေမယ့် ကျွန်တော်လုပ်သင့်လုပ်ထိုက်လို့ တင်သွင်းခဲ့တဲ့အဆိုများကတော့ ၅(ည)လို့ လူသိများတဲ့ ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းပေးရန် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ၁၉၂၆ ခုနှစ် တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေတို့နှင့်ပတ်သက်၍လည်း လုပ်သင့်သည်ကို လုပ်ခဲ့ပြီးပါပြီ။

အထူးသဖြင့် သတင်းမီဒီယာများ ဘေးကင်းလုံခြုံရေးအတွက် ပုဒ်မ ၅၀၀ ကို ပယ်ဖျက်ရန် တင်ခဲ့ပါတယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာသမားများရဲ့ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ရေးသားဖြန့်ဝေခွင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့လည်း ကျွန်တော် ကြိုးပမ်းခဲ့ပြီးပါပြီ။

မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ပါတီသစ်ဟာ လွှတ်တော်အတွင်းမှာ နိုင်ငံနှင့် ပြည်သူလူထုအတွက် တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ လူ့အခွင့်အရေးစံနှုန်းများ မြှင့်တင်ရေးတို့ကို တစ်နှစ်အတွင်းမှာ အလုပ်နှင့် လက်တွေ့ပြသခဲ့ပြီးပါပြီ။ လွှတ်တော်ပြင်ပမှာလည်း ပြည်သူလူထုရဲ့ အခက်အခဲများကို ဘယ်လို ရပ်တည်ပေးခဲ့တယ်ဆိုတာ မိဘပြည်သူများ အကဲဖြတ်နိုင်ပါတယ်။ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာမွန်ဈေး၊ ဒဂုံဆိပ်ကမ်းမြို့နယ် (၈၈) ရပ်ကွက်ဈေးကိစ္စများ အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဈေးသူဈေးသားများကိစ္စ တရားမဲ့ပြုကျင့်ခံရသော လူမှုရေးပြဿနာများကို ကျွန်တော်တို့ ပါတီသစ်က ဘယ်နည်းဘယ်ပုံ ဆောင်ရွက်ခဲ့တာကို လက်တွေ့ အလုပ်လုပ်ပြခဲ့ပြီးပါပြီ။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ခဲ့သမျှအားလုံးဟာ တိုင်းပြည်နှင့်လူမျိုးအတွက် လိပ်ပြာသန့်သန့်နဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

၂၀၁၀ ရွေးကောက်ပွဲရလဒ်ကိုအခြေခံပြီး လွှတ်တော်များအတွင်း ကျွန်တော်တို့ ပါတီသစ်က အပြောနှင့်မဟုတ်ကြောင်း သက်သေထူခဲ့ပါပြီ။ အားလုံးသိတဲ့အတိုင်း ပြည်သူ့လွှတ်တော်ထဲမှာ ကျွန်တော်တို့ပါတီသစ်ရဲ့ ကိုယ်စားလှယ်ဆိုလို့ ကျွန်တော် တစ်ဦးတည်းရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်အတွင်းမှာ ကျွန်တော့်ကို အကူအညီပေးမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရရှိရေးဟာ အရေးတကြီး လိုအပ်နေပါပြီ။

ဒါကြောင့် ယခုကျင်းပမယ့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီပါတီသစ်ရဲ့ ကိုယ်စားလှယ်လောင်းများဖြစ်ကြတဲ့ တရားလွှတ်တော်ရှေ့နေ ဦးဝင်းရွှေကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ မဲပေးခွင့်ရှိသူများက ခမောက်သုံးလုံးဘေးမှာ အမှန်ခြစ်ပေးကြပါ။ ဒီလိုပါပဲ ဦးဖုန်းမြင့်ကို မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒရှင်များက ခမောက်သုံးလုံးဘေးမှာ အမှန်ခြစ်ပေးကြပါ။ မရမ်းကုန်းမြို့နယ် မဲဆန္ဒရှင်ပြည်သူလူထုအနေနဲ့လည်း လူငယ်ထုရဲ့အသံကို ကိုယ်စားပြုမယ့် ဟစ်ဟော့အဆိုတော် ရသလို့လူသိများတဲ့ ဦးရဲမင်းသိန်းရဲ့ ခမောက်သုံးလုံးဘေးမှာ အမှန်ခြစ်ပေးကြပါ။ ကျွန်တော့်ကဲ့သို့ ပြည်သူလူထုဘက်က ရဲရဲရင့်ရင့် ရပ်တည်မယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒရှင်ပြည်သူလူထုအပေါင်းမှ ရွေးချယ်အတည်ပြုပေးကြပါလို့ အနူးအညွတ်မေတ္တာရပ်ခံပါရစေ။

ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီပါတီသစ်ရဲ့ သင်္ကေတအမှတ်အသားဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်အသိအမှတ်ပြုထားတဲ့ ပါတီတံဆိပ်ဖြစ်တဲ့ ခမောက်သုံးလုံးဖြစ်ကြောင်း ထပ်မံတင်ပြလိုက်ရပါတယ်ခင်ဗျာ။

အလုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွဋ်လွင်နှင့်ဝန်ထမ်းများ မတ် ၆ ရက်က ကရင်ခြံရပ်ကွက်၌ မိုးပွင့်အဆင့်(၂) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သာကေတမြို့နယ် အမှတ်(၃၇)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၄ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ပထမတန်းတွင် ပညာရည်ချွန်ပထမဆုရရှိခဲ့သော မောင်စွမ်းထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

စဉ့်ကိုင်မြို့နယ်အတွင်းရှိ စက်သုံးဆီပန့်ဆိုင်များတွင် မီးသတ်ဆေးဘူးများ စနစ်တကျအသုံးပြုတတ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က တရုတ်စုရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဘေးရှိ သဇင်ညွန့် စက်သုံးဆီအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်က မီးသတ်ဘူးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ကြစဉ်။ (၁၆၀)

14-3 (04).pmd 1 3/14/2012, 2:26 AM

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၃

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌဦးအုန်းလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီရဲ့ဥက္ကဋ္ဌ ဦးအုန်းလွင် ဖြစ်ပါတယ်။ ယခုလို ပြောကြားခွင့်ရတဲ့အတွက် နိုင်ငံတော်အကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်တကွ မိဘပြည်သူအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီကို (၁၄-၁၀-၂၀၁၁) နေ့ရက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်အမှတ် - ၄၆ ဖြင့် တရားဝင်နိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုလိုက်တာကြောင့် ပါတီသက်တမ်းဟာ (၅)လ မျှသာရှိပါသေးတယ်။ သို့သော်လည်း ပါတီကို ဦးဆောင်နေကြတဲ့ခေါင်းဆောင်တွေကတော့ ဖဆပလခေတ်၊ မဆလခေတ်၊ နဝတ၊ နယကခေတ် စတဲ့ခေတ်အဆက်ဆက်က နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ထဲထဲဝင်ဝင်၊ ထက်ထက်မြက်မြက်နဲ့ ပါဝင်ဆောင်ရွက်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ပြည်သူအပေါင်းတို့ခင်ဗျား- ကျွန်တော်တို့ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီရဲ့အလံနဲ့အမှတ်တံဆိပ်ကို မိတ်ဆက်ပါ့မယ်။ ပါတီရဲ့အလံကတော့ အပေါ်က မိုးပြာရောင်၊ အောက်က အဖြူရောင် အချိုးညီညီ ထက်ဝက်စီ ကန့်လန့်ဖြတ်ရေးခြယ်ထားပါတယ်။ အဓိပ္ပာယ်ကတော့ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ တည်ကြည်ခိုင်မာခြင်း၊ ဖြူစင်ရိုးသားခြင်းတို့ကို ရည်ညွှန်းပါတယ်။ ပါတီရဲ့အမှတ်တံဆိပ်သင်္ကေတက စက်ဝိုင်းသုံးဝိုင်းအတွင်းမှာ ငြိမ်းချမ်းရေးချိုးငှက်လေး ထည့်သွင်းထားပါတယ်။ အဓိပ္ပာယ်ကတော့ လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုတို့ကို အခြေခံ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရန်ဆိုတာကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ နိုင်ငံရေးကို သေသေချာချာ လေ့လာစိစစ်သုံးသပ်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့ပုံကိုလည်း အနည်းငယ်တင်ပြလိုပါတယ်။

၁၉၈၈ အရေးအခင်းမှာ မင်းမဲ့စရိုက်လွှမ်းမိုးပြီး အခြေအနေဆိုးရွားလာလျက် တစ်နိုင်ငံလုံး အုပ်ချုပ်မှုယိုယွင်းပျက်ပြားလာတဲ့အခါမှာ တပ်မတော်က ဝင်ရောက်ထိန်းသိမ်းကာကွယ်ပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးမယ်လို့ ပြည်သူကို ကတိပြုခဲ့ပါတယ်။ ဒီအခါမှာ နိုင်ငံရေးသမားအချို့က တပ်မတော်ရဲ့ ကတိစကားကို အလေးမထားဘဲ ပြည်တွင်းပြည်ပအကူအညီတွေနဲ့ တပ်မတော်ကို ဆန့်ကျင်ဖယ်ရှားဖို့ ကြိုးစားကြတဲ့အချိန်မှာ ကျွန်တော်တို့က တပ်မတော်ရဲ့ ကတိစကားကို ယုံယုံကြည်ကြည်နဲ့ ထောက်ခံအားပေး ကူညီခဲ့ပါတယ်။ ဘာကြောင့် ဒီလိုကူညီရလဲ အဖြေရှိပါတယ်။ မြန်မာနိုင်ငံဟာ ခေတ်နောက်ကျကျန်ခဲ့တာကြောင့် ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်မည့် ဒီမိုကရေစီအခြေခံလူတန်းစားဖြစ်သည့် အမျိုးသားအရင်းရှင်ကြီးတွေ၊ လူလတ်တန်းစား ပညာတတ်တွေ၊ အဆင့်မြင့်အလုပ်သမားတွေ အလွန်အားနည်းနေတဲ့အချိန်မှာ တည်ဆဲတပ်မတော်အစိုးရက ကိုယ်ပိုင်သဘောပေါက်မှုနဲ့ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်အကောင်အထည်ဖော်ပေးတာကို မှန်ကန်တဲ့သဘောထားဖြစ်တယ်လို့ခံယူပြီး ထောက်ခံအားပေးကူညီခဲ့ခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ တပ်မတော် အစိုးရက ပါတီပေါင်းစုံ သဘောတူညီမှုနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်မှာ ကျင်းပခဲ့ပေမယ့် ၁၉၉၅ ခုနှစ်မှာ ပါတီကြီးတစ်ခုရဲ့ ညီလာခံကိုယ်စားလှယ်တွေအားလုံး ညီလာခံကို ဆန့်ကျင်ကျော်ခိုင်းထွက်ခွာသွားခဲ့တာကြောင့် ညီလာခံကြီး ရပ်ဆိုင်းခဲ့ရပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရက မြန်မာနိုင်ငံရဲ့ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ရာ ယခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ခဲ့ပါပြီ။ လွှတ်တော်(၃)ရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်တဲ့ အစိုးရသစ်တစ်ရပ်လည်း ပေါ်ပေါက်ခဲ့ပါပြီ။

ပြည်သူအပေါင်းတို့ခင်ဗျား- ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီဟာ လာမယ့် (၁-၄-၂၀၁၂)ရက်နေ့တွင် ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲကြီးမှာ လွှတ်တော်ကိုယ်စားလှယ်လောင်း(၄)ဦး ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ (၁) မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဒုဥက္ကဋ္ဌ (၁) ဦးအောင်သန်းတင့်ကလည်းကောင်း၊ (၂) မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဒုဥက္ကဋ္ဌ(၂) ဦးဆန်းထွန်းကလည်းကောင်း၊ (၃) ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးတင်ရီကလည်းကောင်း၊ (၄) ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးသက်ဦးတို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျား-အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းသာယာရေးဟာ ကျွန်တော်တို့ပါတီရဲ့ ဦးတည်ချက်ဖြစ်ပါတယ်။ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ပြောင်းလဲရေးနှင့် ဆက်စပ်၍လည်း ညီညီညွတ်ညွတ် ငြိမ်းငြိမ်းချမ်းချမ်းနှင့် တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့စွာ ကူးပြောင်းရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်အကြမ်းဖက်တဲ့နည်းတွေဟာ ဒီမိုကရေစီတိုးတက်ပြောင်းလဲရေးကို အထောက်အကူမပြုဘူးလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒီမိုကရေစီတိုးတက် ပြောင်းလဲရေး ခြေလှမ်းအစသာရှိသေးတဲ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူရယ်၊ အစိုးရရယ်၊ နိုင်ငံရေးပါတီတွေရယ် ညီညီညွတ်ညွတ်နဲ့ လက်တွဲပူးပေါင်းကြိုးပမ်းမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအောင်မြင်နိုင်မှာဖြစ်ပါတယ်။

ဒီမိုကရေစီစနစ် တိုးတက်ခိုင်မာရေးမှာ ပြည်သူတွေရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း "အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်၍ နိုင်ငံတစ်ဝန်းလုံးမှာ တည်သည်" လို့ ထည့်သွင်းဖော်ပြထားပါတယ်။ နောက်ပြီး ဒီမိုကရေစီစနစ်မှာ ပြည်သူမပါဘဲ ဘာမှလုပ်၍မရ။ လွတ်လပ်သန့်ရှင်းတဲ့ ရွေးကောက်ပွဲမပါဘဲ ဘာမှလုပ်၍ မရ။ ပြည်သူလူထုကို လွတ်လပ်သန့်ရှင်းတဲ့ ရွေးကောက်ပွဲမှာ လွတ်လွတ်လပ်လပ်ရွေးချယ်ခွင့်ပေးရမယ်။ အဲဒီအချက်တွေ ဖြစ်မလာရင် မိုဗိုကရေစီ၊ အာထြာဒီမိုကရေစီစတဲ့ လူထုအုံကြွမှုတွေ အားကောင်းလာပြီး နိုင်ငံနှင့်ပြည်သူ ဒုက္ခရောက်သွားနိုင်ပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျား-၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစ ကာလမှာလည်း အလံနီ၊ အလံဖြူ ပြည်သူ့ရဲဘော်စတဲ့ နိုင်ငံရေးပါတီတွေဟာ ပါလီမန် ဒီမိုကရေစီအစိုးရ(ဖဆပလ)ကို မဟာမိတ် အဖြစ် ရှုမြင်ခံယူ ပူးပေါင်းဆောင်ရွက်ရမယ့်အစား ရန်သူအဖြစ်သတ်မှတ်ပြီး အကြမ်းဖက် သူပုန်ထခဲ့ကြလို့ ပြည်တွင်းစစ်မီး တဟုန်းဟုန်းတောက်လောင်ကာ မြန်မာနိုင်ငံဟာ နှစ်ပေါင်းလေးငါးဆယ်လောက် ခေတ်နောက်ကျကျန်ခဲ့ရပါတယ်။ အဲဒါဟာ မဟာမိတ်အဖြစ် လက်တွဲရမယ့်သူကို ရန်သူအဖြစ် လွဲမှားစွာခံယူမိတဲ့ နိုင်ငံရေးပါတီတွေရဲ့ ခံယူချက်အမှားမှ သက်ရောက်လာတဲ့ အကျိုးဖြစ်ပါတယ်။ နိုင်ငံရေးပါတီအားလုံး ဒီအပေါ်မှာ သင်ခန်းစာယူသင့်ပါတယ်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဟာ ဈေးကွက်စီးပွားရေး အောင်မြင်ဖြစ်ထွန်းရေးက အဓိကဖြစ်တာကြောင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရပါမယ်။ ဒါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာပြီး ဒီမိုကရေစီစနစ် လူ့အခွင့်အရေးဟာလည်း ရေမြင့်ကြာတင့်ဆိုသလို တိုးတက်ခိုင်မာလာမှာဖြစ်ပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျား-နိုင်ငံရေးပါတီတွေရဲ့ ဦးတည်ချက်ဟာ အမျိုးသားအကျိုးစီးပွားဖြစ်ပါတယ်။ အမျိုးသားအကျိုးစီးပွားရဲ့ အဓိပ္ပာယ်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးဆောင်ရွက်ရာမှာ အမျိုးသားအကျိုးစီးပွားအပေါ် ဦးတည်ချက်ချင်းတူသောပါတီများနှင့် လက်တွဲဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ပါတီဟာ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အပြန်ပြန်အလှန်လှန် လေ့လာစိစစ်သုံးသပ်ပြီး မိမိယုံကြည်ချက်၊ မိမိခံယူချက်အတိုင်း ထက်ထက်မြက်မြက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အာဃာတစွဲစတဲ့ အတ္တအစွန်းရောက်မှုအစွဲတွေကို အခြေမခံပါဘူး။ "ငါနဲ့မတူ ငါ့ရန်သူ" ဆိုတာမျိုးလည်း သဘောမထားဘဲ Agree to Disagree အခြေခံဖြင့် တူတာတွေပေါင်းလုပ်ရင်း မတူတာတွေအပေါ်မှာ သိမ်မွေ့စွာ ညှိနှိုင်းဆွေးနွေးအဖြေရှာရမယ်လို့ ခံယူထားပါတယ်။ ကျွန်တော်တို့ပါတီဟာ နိုင်ငံရေးဦးတည်ချက်ချင်းတူတဲ့ မိတ်ဆွေပါတီများနှင့် ပူးပေါင်း၍လည်းကောင်း၊ မိမိတစ်ပါတီတည်းရဲ့ နိုင်ငံရေးသဘောထားခံယူချက်ဖြင့်လည်းကောင်း၊ နိုင်ငံရေးလောကအတွင်းမှာ ထဲထဲဝင်ဝင် ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီစနစ်ကို လိုလားတယ်ဆိုလျှင် ရွေးကောက်ပွဲကတစ်ဆင့် တက်လာတဲ့ အစိုးရကို ကူညီကြရပါမယ်။ ဒါမှ အစိုးရကလည်း နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အစိုးရဘာလုပ်လုပ် မျက်စိစုံမှိတ် ထောက်ခံသော နိုင်ငံရေးနှင့် အစိုးရဘာလုပ်လုပ် မျက်စိစုံမှိတ်ဆန့်ကျင်တဲ့ နိုင်ငံရေးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးမပြုတဲ့ အတ္တအစွန်းရောက် နိုင်ငံရေးဖြစ်ပါတယ်။ အစိုးရကလုပ်သမျှ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီလျှင် ထောက်ခံအားပေး ဝိုင်းဝန်းကူညီရမယ်။ အမျိုးသားအကျိုးစီးပွားနှင့် မကိုက်ညီလျှင် ထောက်ပြဆွေးနွေး အကြံဉာဏ်ကောင်းများပေး၍ ကူညီရပါမယ်။

ပြည်သူများခင်ဗျား- ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ကိုယ်စားလှယ်လောင်းများကို ပြည်သူတွေက ရွေးချယ်တာဝန်ပေးလိုက်လို့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်အတွင်း ရောက်ရှိခဲ့လျှင်လည်း နိုင်ငံနှင့် ပြည်သူကို အကျိုးပြုမယ့် ဥပဒေများကို ကောင်းသထက်ကောင်း၊ မှန်သထက်မှန်လာအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်။ ဆက်လက်ပြီး တောင်သူလယ်သမားများနှင့်ပတ်သက်၍ ပါတီရဲ့ မူဝါဒသဘောထားကို တင်ပြရလျှင် လယ်လုပ်သူလယ်ပိုင်ခွင့်၊ မိမိပိုင်လယ်ယာမြေကို မိမိကိုယ်တိုင် စီမံခန့်ခွဲပိုင်ခွင့်၊ ကျေးလက်နေပြည်သူများ ဘဝအဆင့်အတန်းမြင့်မားရေး၊ အရင်းအနှီးလုံလောက်စွာ ထောက်ပံ့ပေးရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားရေး၊ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်များကို ကျယ်ပြန့်အောင်ဖန်တီးရေး၊ ဈေးကွက်တွင် လယ်သမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ လယ်သမားသမဂ္ဂများ စနစ်တကျဖွဲ့စည်းဆောင်ရွက်ရေးကိုလည်း ကြိုးပမ်းသွားပါမယ်။ အလုပ်သမားများနှင့်ပတ်သက်၍ ပါတီရဲ့မူဝါဒသဘောထားကတော့ အလုပ်သမားများအလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေးအတွက် (FDI) ပြင်ပရင်းနှီးမြှုပ်နှံမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ရေး၊ လုပ်ခလစာများ၊ ရပိုင်ခွင့်များ၊ လူမှုဖူလုံရေးအထောက်အပံ့များ တိုးမြှင့်ခံစားခွင့်ရှိရေး၊ ပင်စင်လစာတိုးမြှင့်ခံစားရေး၊ အလုပ်သမားများ စက်မှုသိပ္ပံနည်းပညာ စွမ်းဆောင်ရည်မြင့်မားရေး၊ အလုပ်သမားသမဂ္ဂများ စနစ်တကျဖွဲ့စည်းရေးတို့ကို အလေးထားဆောင်ရွက်သွားပါ့မယ်။ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ မှန်ကန်သော တရားစီရင်ရေးကို လွှတ်တော် အတွင်းမှလည်းကောင်း၊ လွှတ်တော်ပြင်ပမှလည်းကောင်း ကြိုးပမ်းအကောင်အထည်ဖော်သွားပါ့မယ်။ ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက အတည်ပြုထားသော ဥပဒေအောက်တွင် အားလုံးတစ်ပြေးညီရှိစေပြီး ဥပဒေအထက်တွင် မည်သူမျှမရှိစေရဟူသောအချက်ကို လွှတ်တော်တွင်း၊ လွှတ်တော်ပ၌ ထိန်းကျောင်းဆောင်ရွက်သွားမည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးအထောက်အပံ့ဖြစ်စေသောဖောင်ဒေးရှင်းများ ပေါ်ထွန်းလာစေရန် တွန်းအားပေး ဆောင်ရွက်သွားပါ့မယ်။ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစားစတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများ အားကောင်းလာအောင် အစိုးရနှင့်လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းသွားပါ့မယ်၊ နိုင်ငံသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘဝများ၏ ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်။

စီးပွားရေးနှင့်ပတ်သက်၍ လူမှုသဟဇာတဖြစ်စေမယ့် ဈေးကွက်စီးပွားရေးစနစ်ကို ချမှတ်ကျင့်သုံးစေပါမယ်။ ထိုသို့ ကျင့်သုံးရာတွင်လည်း နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော ဖြစ်ထွန်းတိုးတက်မှုအပေါ် မျက်ခြည်မပြတ် လေ့လာသုံးသပ်လျက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့်ကိုက်ညီသော စီးပွားရေးပုံဖော်မှု စီမံကိန်းများအား ချမှတ်ပုံဖော် ဆောင်ရွက်သွားပါ့မယ်။ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ တင်ပြရလျှင် မြန်မာနိုင်ငံ တွင် အစိုးရအဆက်ဆက်တို့မှ ခံယူကျင့်သုံးလာကြသည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ ရပ်တည်ဆောင်ရွက်သွားပါ့မယ်။ ကာကွယ်ရေးမူဝါဒနှင့်ပတ်သက်၍တင်ပြရလျှင် တပ်မတော်သည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် ပြည်တွင်းပြည်ပ အဖျက်အမှောင့်အန္တရာယ်များကို အပြည့်အဝ ကာကွယ်နိုင်စွမ်းရှိသည့် နိုင်ငံတကာမှ လေးစားလောက်သော ခေတ်မီ၍ စွမ်းအားပြည့်ဝသည့် တပ်မတော်ကို တည်ဆောက်သွားမည်။

ပြည်သူအပေါင်းတို့ခင်ဗျား-နိုင်ငံတော်အစိုးရဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊အချုပ် အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒအပေါ် အခြေပြုလျက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် မဏ္ဍိုင်ထားကာ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ပါတီက ယုံကြည်ပါတယ်။

ကျွန်ုပ်တို့ပါတီအနေနဲ့လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏သစ္စာကို အစဉ်ထာဝရ စောင့်သိရိုသေလျက် ပါတီအကျိုးနှင့် နိုင်ငံအကျိုး ယှဉ်လာလျှင် နိုင်ငံ့အကျိုးကို ထာဝရ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုလျက် နိဂုံးချုပ်ပါတယ် ခင်ဗျား။

မလှိုင်မြို့နယ် ကံကြီးကျေးရွာ မီးလင်းရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပရာ မိတ္ထီလာမြို့နေ အလှူရှင် ဦးဝင်းစိန်-ဒေါ်ယုယုဝင်းမိသားစု(ဝင်းထီလာဆောက်လုပ်ရေးကုမ္ပဏီ)က ဒုတိယအကြိမ်အလှူငွေကျပ် ၂၃ သိန်းကို မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၈၃)

သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် အား/ကာ ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အေရိုးဗစ်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က သီဟဒီပအားကစားခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၄၉)

မိတ္ထီလာမြို့ မင်းရပ် အမက (၆)၌ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၄ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ နှစ်စဉ်ပထမဆုနှင့် မြို့နယ်သင်္ချာရည်ချွန်ဆုနှင့် မန္တလေးတိုင်းဒေသကြီး သင်္ချာထူးချွန်တတိယဆုရကျောင်းသား မောင်ဟိဏ်းလင်းထက်အား မြို့နယ်ပညာရေးမှူးဦးသောင်းဦး ဆုချီးမြှင့်စဉ်။ (၀၁၂)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ကော်မတီများ၏ တာဝန်လုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်နေမှုများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီများ၏လက်တွေ့ဆောင်ရွက်နေမှုများနှင့် နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်နိုင်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပုလဲသွယ်စပ်မျိုးစပါးများကို ပြည်ပသို့တိုးတက်တင်ပို့ရောင်းချနိုင်ရန် လက်တွေ့ထိထိမိမိစိုက်ပျိုးနိုင်ရေး နည်းပညာပေးပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ဗီယက်နမ် ပုလဲသွယ်စပ်မျိုးစပါး ၁၁ မျိုး၏ မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ခင်း၌ သက်တမ်း ၉၅ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး၏ အောင်နှံများ စတင်ထွက်ရှိနေမှုများကို ကြည့်ရှုအားပေးကာ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားသောမျိုးများမှ ဒေသ၊ ရေမြေနှင့်ကိုက်ညီပြီး အပင်သက်တမ်း၊ အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်မှုနှင့် တစ်ဧကကုန်ကျစရိတ်၊ စားသုံးမှုအရည်အသွေး ကောင်းမွန်မှု၊ ဝင်ငွေတွက်ခြေကိုက်မှုများကို စနစ်တကျမှတ်တမ်းပြုစု ဆောင်ရွက်ကြရန်၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်ဖြစ်သော တောင်သူများဝင်ငွေတွက်ခြေကိုက်သည့် နိုင်ငံခြားဈေးကွက်ဝင် ပုလဲသွယ်စပ်မျိုးစပါးများကို ပြည်ပသို့ တိုးတက်တင်ပို့ ရောင်းချနိုင်ရန်အတွက် စပါး ဖူလုံပိုလျှံစွာ စိုက်ပျိုးကြသည့် ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီး(၃)ခုမှ စီးပွားဖြစ်စိုက်ပျိုးနေကြသော ဆန်စပါးအထူးပြု ကုမ္ပဏီများနှင့် အမှန်တကယ်စိတ်ပါဝင်စားသူများအား ခေါ်ယူပြသပြီး လက်တွေ့ထိထိမိမိ လုပ်ဆောင်စိုက်ပျိုးနိုင်ရေးနည်းပညာပေး ပူးပေါင်းကူညီဆောင်ရွက်ကြရန်၊ တောင်သူလယ်သမားများ ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးအမြတ်ရရှိအောင် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဉစ္စာရင်လို၊ ဉစ္စာရင်ခဲဖိဖိစီးစီးကြိုးပမ်းအကောင်အထည်ဖော်ရန်နှင့် နည်းပညာပိုင်း အပါအဝင် အားနည်းနေသော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များကို ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ကွင်းတစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧကစိုက်ကွင်းသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူများနှင့်အတူ သက်တမ်းရက်ပေါင်း ၉၀ တွင် အလံရွက်များ ကောင်းစွာဖွံ့ဖြိုးပြီး စပါးနှံများစတင်ထွက်ရှိနေမှုများကိုလည်းကောင်း၊ ပုလဲသွယ်စပ်မျိုး စပါးဧက ၂၀ ကို ကိုယ်တိုင်စိတ်ပါဝင်စားစွာ စိုက်ပျိုးပြီး တစ်ဧကတင်း၂၀၀ ထွက်ရှိရေး ပါဝင်ယှဉ်ပြိုင်မည့် လယ်သူမကြီး ဒေါ်ထွေး၏ သက်တမ်း ၅၀ ရက်သား ပုလဲသွယ်စပ်မျိုးစပါးကိုလည်းကောင်း **(ဝဲပုံ)**၊ စိုက်ကွင်းအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ထားရှိသော ပုလဲသွယ်စပ်မျိုးစပါးစံပြစိုက်ခင်း တစ်ဧကတင်း ၂၀၀ ယှဉ်ပြိုင်ကွက်၏ သက်တမ်း ၈၀ ရက်သားတွင် အနှံများစတင်သန္ဓေတည်မှုနှင့် စိုက်ကွင်းအနီးရှိ တောင်သူ တစ်ပိုင်တစ်နိုင် ရေဆင်းစပ်မျိုးနေကြာစိုက်ခင်းမှ အချင်း ၁၀ လက်မရှိ နေကြာပန်းခိုင်များ အောင်မြင်စွာထွက်ရှိနေမှုကိုလည်းကောင်း၊ စိုက်ခင်းရှေ့မျက်နှာစာတွင် မြေကွက်လပ်မကျန်စိုက်ပျိုးဆောင်ရွက် ပြသထားသည့် တောင်သူပညာပေး ဝင်ငွေရ ဟင်းသီးဟင်းရွက်စိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်မှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် စိုက်ကွင်းတာဝန်ခံများအား စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ၂၈၈ ဧကစိုက်ကွင်း၌ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်၍ တောင်သူများက စဉ်ဆက်မပြတ်စိုက်ပျိုးနေမှုများ၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး (၄)မျိုးအား မျိုးယှဉ်ပြိုင်စိုက်ပျိုးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးပြီး အကောင်းဆုံး၊ အသင့်တော်ဆုံးမျိုးကိုရွေးချယ်၍ တောင်သူများထံ မျိုးကောင်းမျိုးသန့် မျိုးစေ့များအဖြစ်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် စနစ်တကျကြီးကြပ်ဆောင်ရွက်ကြရန်၊စိုက်ကွက်အတွင်း သက်တမ်းတူပျိုးပင်များကို ကန်သင်းဘေးတွင် အရန်အဖြစ် ကြိုတင်ပျိုးထောင်၍ လိုအပ်ချိန်တွင် ကောက်ကွက်ပြည့်အောင် ဖာထေးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ပေးအပ်

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ကျားကူးရွာရှိ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စီမံကိန်း၌ တရုတ်စိုက်ပျိုးရေး စပါးပညာရှင်များက စပ်မျိုးစပါးမျိုးစေ့ ထုတ်ရန် မိဘလိုင်း အဖိုလိုင်း အမလိုင်းများကို သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှု၊ ထွက်ရှိမည့်သားဆက် (F-1)၏ စားသုံးမှု အရည်အသွေး၊ ဆန်သားအရည်အသွေး၊ အထွက်နှုန်းများအတွက် ၁၀ ဧက စံပြစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ကွင်းအတွင်း စိုက်ပျိုးဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေးကာ တရုတ်ပညာရှင်များနှင့် မြန်မာစိုက်ပျိုးရေးပညာရှင်များအား စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ပေါ်ရှိစာစစ်ဌာနများ၌ အင်္ဂလိပ်စာဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်ပြီး စာစစ်ဌာနရုံးခန်း၌ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား တွေ့ဆုံကာ တက္ကသိုလ်ဝင် စာမေးပွဲလုပ်ငန်းများကို ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီတိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် စာဖြေသူများ စနစ်တကျဖြင့် စိတ်ချမ်းသာစွာဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား၍ စာမေးပွဲဆိုင်ရာလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာဖြေခန်းအသီးသီး၌ အင်္ဂလိပ်စာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးမြို့ အမှတ်(၈)၊ အမှတ်(၁၄)၊ အမှတ်(၂၂)နှင့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့လည်း သွားရောက်ကြပြီး စာမေးပွဲလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ စာဖြေခန်းအသီးသီး၌ ဖြေဆိုနေမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Voice ဂျာနယ်တွင် ရေးသားထားသော သတ္တုတွင်းဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့်ရေးသားချက်မှာ မှန်ကန်မှုမရှိ စာစောင်ထုတ်ဝေသူနှင့် သတင်းရေးသားသူတို့အား ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၁၃

မတ် ၁၂-၁၈ ရက်စွဲပါ The Voice ဂျာနယ် အတွဲ(၈)၊အမှတ်(၁၃)တွင် **"ဝန်ကြီးဌာနအချို့၏ ကျပ်သိန်းထောင်ချီ အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိ"** ဟူသော ခေါင်းစီးစာလုံးများဖြင့် သတင်းရေးသားဖော်ပြခဲ့ရာ ယင်းသတင်း၌ သတ္တုတွင်းဝန်ကြီးဌာနနှင့်စပ်လျဉ်း၍ မမှန်မကန်ဖော်ပြမှုများ ပါဝင်နေကြောင်းသိရှိရသည်။

စာနယ်ဇင်းများသည် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်ရာ ပြည်သူ့အကျိုးစီးပွားအတွက် မျက်နှာမလိုက်၊ ဘက်မလိုက်ဘဲ မှန်ကန်သည့် အကြောင်းအရာပေါ်အခြေခံပြီး တိကျမှန်ကန်စွာ အပြုသဘောဆောင်ရေးသားရမည်ဖြစ်သည်။ သို့မှသာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်(၃)ရပ်အပါအဝင် ဌာနဆိုင်ရာ၊ အသင်းအဖွဲ့၊ လူပုဂ္ဂိုလ်များအနေဖြင့် မီဒီယာ၏ အပြုသဘောဆောင်သည့် ထောက်ပြ၊ ပြုပြင်၊ တည့်မတ်မှုများအပေါ် လေးစားတန်ဖိုးထားပြီး လိုအပ်သည့် တည့်မတ်၊ ပြုပြင်၊ ထိန်းသိမ်း၊ အရေးယူမှုများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတည်ဆောက်နေချိန်တွင် စာနယ်ဇင်းကျင့်ဝတ်နှင့်မညီ၊ အပြုသဘောမဆောင်၊ ဂုဏ်သိက္ခာမရှိသော အရေးအသားများဖြင့် ဌာနများ၊ အသင်းအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများ၊ လူပုဂ္ဂိုလ်များအပေါ် မမှန်မကန်စွပ်စွဲရေးသားပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းခံရမည်သာဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာနသည် The Voice ဂျာနယ်တွင် ဖော်ပြပါရှိသကဲ့သို့ ငွေကြေးအလွဲသုံးစားမှုနှင့် ငွေစာရင်းလိမ်လည်မှု၊ ဖုံးကွယ်မှု၊ ထိမ်ချန်မှု၊ လွှဲပြောင်းဖော်ပြမှု လုံးဝမရှိခဲ့ကြောင်း၊ The Voice ဂျာနယ်တွင် ရေးသားထားသော သတ္တုတွင်းဝန်ကြီးဌာနနှင့် စပ်လျဉ်းသည့် ရေးသားချက်မှာ မှန်ကန်မှုမရှိ၊ သတ္တုတွင်းဝန်ကြီးဌာန၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး ပြည်သူလူထု၏ ယုံကြည်အားထားမှုကို ယုတ်လျော့နစ်နာစေသော မမှန်မကန် စွပ်စွဲဖော်ပြရေးသားမှုသာဖြစ်သည့်အတွက် The Voice ဂျာနယ်ထုတ်ဝေသူနှင့် သတင်းရေးသားသူတို့အား ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အလေးမလက်ရည်စမ်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရည်ရွယ်၍ အလားအလာရှိသော အလေးမအားကစားသမားများ ပေါ်ထွက်လာစေရန် အလေးမလက်ရည်စမ်းပြိုင်ပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံလိုသည့် အလေးမအားကစားသမားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မတ် ၂၂ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အတွင်းရေးမှူးထံ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၈၈၁၆၀ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်မည့် အားကစားသမားများသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသော ဒုတိယတန်းအဆင့်စံချိန်နှင့် အထက်ရရှိထားသည့် အားကစားသမားများဖြစ်ရန်လိုအပ်ပြီး ကိုယ်အလေးချိန် ချိန်ခြင်းကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၈၁၆၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်)**

ဥတုရာသီ တောက်ပြီ၏

အထက်မြန်မာပြည်ကိုဗဟိုပြု၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့ကို ချိတ်ဆက်ဖွင့်လှစ်ပေးထားသော မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အဆင့်မြင့်၊ ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အထက်မြန်မာပြည်တွင် ချိတ်ဆက်မိစေရန်အတွက် မန္တလေးမြို့ကိုဗဟိုပြု၍ အဆင့်မြင့်၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးထားရာ နည်းပညာတက္ကသိုလ်(မန္တလေး)(ဝဲပုံ)နှင့် ကွန်ပျူတာတက္ကသိုလ်(မန္တလေး)(အပေါ်ပုံ)တို့ကို တွေ့ရစဉ်။

- ❒ မျက်မှောက်ခေတ်ပညာရေးကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီးသည် ထွန်းတောက်နေသည့် ကြယ်တစ်ပွင့်ဖြစ်လာခဲ့သည်။ ပြည်ထောင်စုကြီး၏ဒေသအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံအခင်းအကျင်းများကြောင့် အထက်မြန်မာပြည်တွင် မန္တလေးမြို့သည် တက္ကသိုလ်မြို့တော်ဟူ၍ ဂုဏ်ယူတင်စားဖွယ်ဖြစ်လာသည်။
- ❒ ပညာရေးဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယခင်က အဆင့်မြင့်ပညာသင်ကြားနိုင်ရန် မန္တလေးတက္ကသိုလ်တစ်ခုသာဖွင့်လှစ်ခဲ့ရာမှ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်တို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။
- ❒ ယခင်ခေတ်ကာလက ဒေသအတွင်း၌ အဆင့်မြင့်ပညာသင်ယူနိုင်သူ ကျောင်းသားကျောင်းသူ နှစ်သောင်းကျော်သာရှိခဲ့ရာမှ ယခု အခြေခံအဆောက်အအုံများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်မှုကြောင့် ကျောင်းသား ကျောင်းသူရှစ်သောင်းကျော်အထိ တိုးတက်လာသည်။

မန္တလေးမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော မန္တလေးတက္ကသိုလ်၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာများကို တက်ရောက်သင်ကြားလျက်ရှိသည်။ (အပေါ်ပုံ)

မန္တလေးတိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာများ လေ့လာသင်ယူနိုင်ရန်အတွက် မန္တလေးမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ရတနာပုံတက္ကသိုလ်(ဝဲပုံ)ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

14-3 (07).pmd 1 3/14/2012, 2:26 AM

❐ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ပုဂ္ဂလိက ဆေးရုံများတွင် ကွယ်လွန်သည့်လူနာများအား ရင်ခွဲစစ်ဆေးခြင်းပြုရန် ညွှန်ကြားထားမှု ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပုဂ္ဂလိကဆေးရုံများတွင် တက်ရောက်ကုသမှုခံယူစဉ် လူနာကွယ်လွန်ခဲ့ပါက သေဆုံးလူနာခေတ္တထားရှိရန် အခန်း (air-conditioned room) သီးသန့်ထားရှိရန်နှင့် ဖြစ်နိုင်ပါက သေဆုံးလူနာထားသိုသည့် ရေခဲသေတ္တာ (mortuary refrigerator) ထားရှိရန် ကျန်းမာရေးဦးစီးဌာနမှ ပုဂ္ဂလိကဆေးရုံများသို့ အကြံပြုညွှန်ကြားလျက်ရှိပါကြောင်း။

ပြည်သူ့ဆေးရုံအားလုံးတွင် ရင်ခွဲစစ်ဆေးခြင်းသည် အများအားဖြင့် မှုခင်းဘက်ဆိုင်ရာလူနာများ သေဆုံးရခြင်းအကြောင်းရင်းအားသိရှိရန် စစ်ဆေးခြင်း ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်များ၏ သင်ကြားရေးဆေးရုံကြီးများတွင်မူ ရောဂါဗေဒပညာရပ်ဆိုင်ရာအတွက်ပါ ရင်ခွဲစစ်ဆေးခြင်းကို ဆောင်ရွက်နေပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကဆေးရုံများတွင် မှုခင်းဘက်ဆိုင်ရာလူနာများ တက်ရောက် ဆေးဝါးကုသခြင်းကို ခွင့်ပြုထားခြင်းမရှိပါကြောင်း၊ လူနာကွယ်လွန်ပါကလည်း ရင်ခွဲစစ်ဆေးခြင်းကို ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ပုဂ္ဂလိကဆေးရုံသို့ တက်ရောက်ကုသမှုခံယူပြီး ၂၄ နာရီအတွင်း သေဆုံးသူလူနာများကို ဥပဒေကြောင်းအရ ပြည်သူ့ဆေးရုံကြီးများသို့ ပေးပို့ကာ ရင်ခွဲစစ်ဆေးမှုခံယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ရေလုပ်ငန်းကဏ္ဍနှင့် သမဝါယမကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြန်လည်ဖြေကြားသည်။

ဖော်ထုတ်ရောင်းချ

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးဝင်း (ခ) ဦးဇာယာဒ်ရော်မံ၏ **"မောင်တောမြို့နယ်အတွင်း ငါးဖမ်းလုပ်ကွက်လေလံရရှိထားသည့် ပုဂ္ဂလိက ငွေကြေးရှင်က ဒေသခံရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများထံမှ မတန်တဆ ငွေကြေးကောက်ခံနေခြင်း"** နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို နိုင်ငံတော်အခွန်ဘဏ္ဍာရရှိရေးအတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏လမ်းညွှန်ချက်အရ ယခင်က ဖော်ထုတ်ရောင်းချခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၁ ခုနှစ်တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆(က)နှင့်(ခ)အရ ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ၁၆-၄-၂၀၁၁ ရက်စွဲပါစာဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၁-၂၀၁၂ ခုနှစ်လုပ်ငန်းရာသီအတွက် ရခိုင်ပြည်နယ်အတွင်းမြို့နယ် (၁၄)ခုရှိ တင်ဒါငါးဖမ်းကွက် (၂၁၄)ကွက်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးချက်ဖြင့် ပြည်နယ်အစိုးရဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်နှင့်ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့် တင်ဒါငါးဖမ်းကွက်ရောင်းချရေးအဖွဲ့က ၉-၅-၂၀၁၁ ရက်မှစတင်၍ ရောင်းချခဲ့ပါကြောင်း။

ထိုသို့ရောင်းချရာတွင်မောင်တောမြို့နယ်ရှိ တင်ဒါငါးဖမ်းကွက်(၁၂)ကွက်အား လေလံဆွဲသူ (၇)ဦးက ဆွဲဝယ်ရရှိခဲ့ပြီး တင်ဒါအခွန်ငွေကျပ် (၄၉၉၉၀၀၀၀)ရရှိခဲ့သည်ကို သိရှိရပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ တင်ဒါဆွဲဝယ်ရရှိသူများထံမှ တင်ဒါခွန်နှင့် သတ်မှတ်ငါးဖမ်းကိရိယာအမျိုးအစားနှင့် အရေအတွက်အလိုက် ကောက်ခံ၍ ဘဏ်သို့ပေးသွင်းစေပါကြောင်း၊ တင်ဒါဆွဲဝယ်ရရှိသူများသည် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ အကျိုးတူပူးပေါင်း၍သော်လည်းကောင်း၊ ငါးဖမ်းကွက်များကို လုပ်ကိုင်ကြပါကြောင်း၊ တင်ဒါငါးဖမ်းကွက်ရရှိသူများက ရေလုပ်သားများထံမှ အခွန်အခကြီးလေးစွာ ကောက်ခံခြင်းအပေါ် တိုင်ကြားမှုများ ဖြစ်ပေါ်လာလျှင် ငါးလုပ်ငန်းဦးစီးဌာနက ညှိနှိုင်းဖြေရှင်းမှုများပြုလုပ်ပေးခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်း မြောက်ဦးနှင့် ရသေ့တောင်မြို့နယ်များအတွင်း အလားတူတင်ပြမှုများရှိခဲ့၍ စိစစ်ဖြေရှင်းခဲ့ပြီး ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ ရေလုပ်သားများအနေဖြင့် လုပ်ငန်းရှင်များသို့ အခွန်အခကြီးလေးစွာပေး၍ ငါးလုပ်ငန်းလုပ်ကိုင်ရခြင်းမှ ကင်းလွတ်ခွင့်ရရန်အတွက် ရေလုပ်သားများကို အစုအဖွဲ့ ဖွဲ့စည်းစေ၍ တင်ဒါငါးဖမ်းကွက်များကို စုပေါင်းဆွဲဝယ်စေခြင်းဖြင့် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိနိုင်ခြင်း၊ ငါးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်နိုင်ခြင်း အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါ၍ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရသို့ တင်ပြဆောင်ရွက်သွားနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ဘွဲ့ရကျောင်းသား ကျောင်းသူများအား သမဝါယမလုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဆိုရှယ်လစ်စီးပွားရေးစနစ်ကာလက သမဝါယမစီးပွားရေးကဏ္ဍကို နိုင်ငံတော်စီးပွားရေး၏ ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ခဲ့ပြီး ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအား သမဝါယမလုပ်ငန်းများတွင် မြို့နယ်အလိုက် နေရာထိုင်ခင်းပေးလျက် စုပေါင်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးခဲ့ပါကြောင်း။

ယခု နိုင်ငံတော်ကပြောင်းလဲကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်တွင် သမဝါယမကို ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ခြင်းမရှိတော့ဘဲ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို မြှင့်တင်လျက် နိုင်ငံတော်၊ သမဝါယမ၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများမှ ဟန်ချက်ညီ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးသားပြဋ္ဌာန်းထားပါကြောင်း၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအား ရှေးယခင်ကကဲ့သို့ သမဝါယမလုပ်ငန်းများတွင် နေရာချထားလုပ်ကိုင်စေရန် ညွှန်ကြားချက် သီးခြားမရှိသော်လည်း သမဝါယမအသင်းပေါင်း (၁၁၀၀၀)ကျော်တွင် ပါဝင်လုပ်ကိုင်လျက်ရှိကြပါကြောင်း၊ မိမိတို့အနေဖြင့် သမဝါယမတက္ကသိုလ်နှင့် သမဝါယမကောလိပ်များမှ ကျောင်းဆင်းဘွဲ့ရနှင့် ဒီပလိုမာလက်မှတ်ရရှိသူများကို အလုပ်အကိုင်ရရှိရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို က ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၏ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် သီးခြားဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် လွန်ခဲ့သည့်နှစ်ပေါင်း (၁၀၀) ကျော်ကတည်းကပေါ်ပေါက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့ဟူ၍ လည်းကောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် "မြန်မာနိုင်ငံရဲတပ်ဖွဲ့" ဟူ၍လည်းကောင်း အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

ပြဋ္ဌာန်းထားရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ခေတ်အဆက်ဆက်က ပြဋ္ဌာန်းအသုံးပြုခဲ့သည့် ရဲလက်စွဲများကို ခေတ်စနစ်နှင့် လျော်ညီသည့် အသုံးအနှုန်း၊ အခေါ်အဝေါ်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၀၀ ပြည့်နှစ်တွင် အသေးစိတ်ပြန်လည်ပြင်ဆင်ရေးသားပြုစုခဲ့ပါကြောင်း၊ အဆိုပါရဲလက်စွဲများတွင် ရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ခံစားခွင့်များ၊ ရဲလုပ်ငန်းတွင် အခြေခံအကျဆုံးဖြစ်သည့် နယ်မြေရဲစခန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ရဲတပ်ဖွဲ့ဝင်များ သိရှိနားလည်ကျင့်သုံးလိုက်နာစေရန် ပြဋ္ဌာန်းထားရှိခဲ့ပြီး ဖြစ်ပါကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားပြီးသည့် ပြစ်မှုများကို စုံစမ်းဖော်ထုတ် တရားစွဲတင်ရာတွင် ရဲလက်စွဲ၊ ရဲအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်မှပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို တိကျလေးစားစွာ လိုက်နာပြုမူကျင့်ကြံရမည့် တာဝန်လည်းရှိပါကြောင်း၊ ၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည့်အပြင် ၁၉၉၉ ခုနှစ်တွင် ရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့်ကျင့်ဝတ်ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၂ အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ရဲလက်စွဲ၊ ရဲအက်ဥပဒေ၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့် ရဲကျင့်ဝတ်တို့ကို ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့်အပြင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာသည့် နိုင်ငံ၏အခြေအနေပေါ်မူတည်ပြီး ရဲတပ်ဖွဲ့နှင့်သက်ဆိုင်သည့် ထူးခြားသည့်လုပ်ငန်းသဘာဝများ ပေါ်ပေါက်လာပါက အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးဝင်း (ခ) ဦးဇာယာဒ်ရော်မံ၏ **"ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် နေထိုင်လျက်ရှိသော နိုင်ငံသားများသည် လူမှုရေး၊ ခရီးသွားလာရေး၊ စီးပွားရေးနှင့် ကျန်းမာရေးကိစ္စများတွင် ဒုက္ခမျိုးစုံနှင့်ကြုံတွေ့နေရသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ် အခြေခံမူဘောင်အတွင်း အုပ်ချုပ်မှုခံယူနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရန်"** နှင့် **"မောင်တောမြို့နယ် ငါးခူရကျေးရွာရှိ ငါး၊ ပုစွန်ကန်သို့ ဆားငန်ရေသွင်းခြင်းအတွက် အနီးအနားရှိ လယ်မြေဧက (၂၅၀)ခန့် ပျက်စီးဆုံးရှုံးနေရခြင်း"** တို့နှင့်စပ်လျဉ်း၍ သမိုင်းကြောင်းကိုပြန်ရှင်းပြရမည်ဆိုလျှင် မောင်တောခရိုင်သည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်မှု (၁၅၂)မိုင်ခန့်ရှိပြီး မောင်တောခရိုင်အတွင်း နေထိုင်သူအများစုသည် ဘင်္ဂါလီလူမျိုးများဖြစ်ကြပါကြောင်း၊ ၎င်းတို့သည် တစ်ဖက်နိုင်ငံတွင်ရှိသည့် ဘင်္ဂါလီလူမျိုးများနှင့် ကိုးကွယ်သည့် ဘာသာ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ရုပ်ရည်သွင်ပြင်နှင့် ဘာသာစကားတို့ကအစ တူညီနေကြပါကြောင်း၊ ရှေးကာလကပင် နှစ်နိုင်ငံနယ်စပ်အပြန်အလှန် ကူးလူးဆက်ဆံမှုများ၊ တရားမဝင် လက်ထပ်ပေါင်းသင်းမှုများကြောင့် လူဦးရေပေါက်ဖွားမှုများရှိခဲ့ကြပါကြောင်း၊ ထို့ပြင် တစ်ဖက်နိုင်ငံသားများသည် သဘာဝသယံဇာတနှင့် ရေမြေတောတောင်ပိုမိုကောင်းမွန်သည့် မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ တရားမဝင် နေထိုင်မှုများရှိခဲ့ပါကြောင်း၊ ၁၉၇၈-၇၉ ခုနှစ်များတွင် နဂါးမင်းစစ်ဆင်ရေးဖြင့် လူဦးရေစိစစ်ခြင်းကိုဆောင်ရွက်ခဲ့ရာ စိစစ်မှုကိုခံယူနိုင်မှုမရှိသည့်သူများက တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခြင်းများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ဟသ်ာစီမံချက်ဖြင့် နှစ်နိုင်ငံသဘောတူညှိနှိုင်းပြီး လူဦးရေ (၁၈၀၀၀၀)ကျော်ကို ပြန်လည်လက်ခံခဲ့ပါကြောင်း၊ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် အကြောင်းအမျိုးမျိုးပြ၍ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခဲ့ခြင်းနှင့်ပတ်သက်ပြီး နှစ်နိုင်ငံညှိနှိုင်းသဘောတူညီချက်ဖြင့် ၂၂-၉-၁၉၉၂ ရက်မှစ၍ ပြန်လည်လက်ခံရေးစခန်းဖွင့်လှစ်လက်ခံခဲ့ရာ ၂၀၀၅ ခုနှစ် ဇူလိုင်လအထိ လူဦးရေ (၂၃၀၀၀၀)ကျော်ကို ပြန်လည်လက်ခံခဲ့ခြင်းများသည် ငြင်းပယ်မရသည့်သမိုင်းကြောင်းများ ဖြစ်ပါကြောင်း။

သို့သော် မိမိတို့နိုင်ငံအတွင်းသို့ တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီလူမျိုးများ နည်းမျိုးစုံဖြင့် တရားမဝင်ခိုးဝင်လာမှုမှာ ယနေ့တိုင်ရှိနေဆဲဖြစ်၍ စိစစ်တားဆီးရန် အမှန်တကယ်လိုအပ်နေပါကြောင်း၊ ထို့ကြောင့် မောင်တောခရိုင်အတွင်းတွင် နေထိုင်ကြသည့် ဘင်္ဂါလီလူမျိုးများ၏ရခိုင်ပြည်နယ်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးသွားလာရာတွင် လဝကပုံစံ(၄)ရယူပြီး သွားလာစေခြင်းမှာလည်း မိမိတို့နိုင်ငံအတွင်း အမှန်တကယ်နေထိုင်သူများ မှန်/မမှန် စိစစ်နိုင်ရန်နှင့် ယင်းသို့ခရီးသွားလာခြင်းကို အကြောင်းပြုပြီး အစွန်းရောက် အဖျက်သမားများက မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမှုမရှိစေရန် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားရေး လိုအပ်ချက်အရ ဥပဒေနှင့်အညီ စိစစ်ခြင်းသာဖြစ်ပြီး ခရီးသွားလာမှုများကို ပိတ်ပင်ထားခြင်း မရှိခဲ့ပါကြောင်း၊ ယခုအချိန်အခါတွင် ခရီးသွားလာခွင့်ကို ယခင်ကထက် လွယ်ကူစွာ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံသားဆိုရာတွင် မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရနိုင်ငံသားဟူ၍ နှစ်မျိုးရှိပါ ကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူအဖြစ် အမျိုးအစား(၃)မျိုးရှိသည့်အနက် ကတ်ပြားတစ်မျိုးမျိုးရရှိရန် ပင်ရင်းနိုင်ငံသားအဖြစ်ဖြင့် ဘိုးဘွားအစဉ်အဆက် နေထိုင်လာခဲ့ကြသည့် အထောက်အထားပြည့်စုံစွာတင်ပြပြီး လျှင်မြန်စွာလျှောက်ထားရယူနိုင်ပါကြောင်း၊ မည်သူမဆို ကတ်ပြားတစ်မျိုးမျိုးရရှိရန်အတွက် စတင်လျှောက်ထားရမည့်တာဝန်ရှိပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ထိမ်းမြားလက်ထပ်ခြင်းနှင့်စပ်လျဉ်း၍ မောင်တောခရိုင်အတွင်းတွင် နေထိုင်လျက်ရှိကြသည့် ဘင်္ဂါလီလူမျိုးများသည် တစ်ဖက်နိုင်ငံသားများနှင့် ဘာသာစကား၊ ရုပ်ဆင်းအင်္ဂါ၊ ပုံပန်းသဏ္ဌာန်နှင့် ဘာသာအယူဝါဒများ တူညီကြသည့်အတွက် တစ်ဖက်နိုင်ငံသားများနှင့် မှားယွင်းလက်ထပ်မှုမရှိစေရန်နှင့် ဒေသအတွင်း တရားဝင်သန်းခေါင်စာရင်းဖြင့် အမှန်တကယ်နေထိုင်သူ ဟုတ်/မဟုတ်၊ အိမ်ထောင်စုစာရင်းတွင်ပါဝင်သူ ဟုတ်/မဟုတ်၊ အသက်(၁၈)နှစ်ပြည့်ပြီးသူ ဟုတ်/မဟုတ် ဟူ၍ စိစစ်ပေးခြင်းသာရှိပြီး ထိမ်းမြားလက်ထပ်ခြင်းကို ပိတ်ပင်ထားခြင်း မရှိပါကြောင်း၊ တရားဝင်လက်ထပ်ထိမ်းမြားခြင်း ဖြစ်စေရန်နှင့် အရွယ်ရောက်ပြီးမှလက်ထပ်ထိမ်းမြားစေရေးအတွက်သာ သက်ဆိုင်ရာဌာနများက စနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့်လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မည်သည့်ဒေသခံပြည်သူမဆို တက္ကသိုလ်/ကောလိပ်များတွင် တက်ရောက်ပညာသင်ကြားခွင့်ရှိပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ ဝင်ခွင့်ရရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ပညာသင်ဝင်ခွင့်ရွေးချယ်ရေးစနစ်နှင့် ကိုက်ညီလျှင် မည်သူမဆို တက်ရောက်သင်ကြားခွင့်ရရှိမည်ဖြစ်ပါကြောင်း။

နေအိမ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ လယ်ယာမြေ၊ ဥယျာဉ်မြေ၊ စားကျက်မြေများနှင့် အစိုးရပိုင်မြေများပေါ်တွင် ဆောက်လုပ်မှုမရှိစေရန် မြေရာဇဝင်စိစစ်မှုကို မြေစာရင်းဦးစီးဌာနက စိစစ်ပေးပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်နှင့် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ပြီး အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်က စိစစ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မောင်တောခရိုင်သည် လူဦးရေသိပ်သည်းဆ (Population Density) ပေါက်ကွဲလုနီးပါးများပြားသည့် တစ်ဖက်နိုင်ငံနှင့် ကုန်း၊ ရေနယ်နိမိတ်ထိစပ်လျက်ရှိခြင်းကြောင့် မောင်တောခရိုင်အတွင်း၌လည်း လူဦးရေသိပ်သည်းဆတိုးမြင့်မလာစေရန် ထိန်းသိမ်းလျက်ရှိသည့်ကြားက လူဦးရေသည် တစ်နေ့ထက် တစ်နေ့ တိုးတက်များပြားလျက်ရှိပါကြောင်း၊ ထို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်အခွန်ဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းဖွဲ့စည်းထားသည့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ နယ်စပ်ဒေသလုံခြုံရေးတာဝန်နှင့် နယ်စပ်ဒေသလူဦးရေထိန်းချုပ်ရေးတာဝန်များကိုအဓိကတာဝန်ကြီး (၃)ရပ်အဖြစ်သတ်မှတ်ပြီး ရည်မှန်းချက်(၅)ရပ် ချမှတ်တာဝန်ထမ်းလျက်ရှိရာတွင် တည်ဆဲ ၁၉၅၂ ခုနှစ် ပြည်ထောင်စု

ပြန်လည်ဖြေကြား

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံတော်အတွင်းနေထိုင်သူများ မှတ်ပုံတင်နည်းဥပဒေ ၂၈(၁)နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မောင်တောခရိုင်အတွင်းနေထိုင်ကြသည့် ပြည်သူများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူများနှင့် တန်းတူညီတူအခွင့်အရေးရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် အခြေခံမူဘောင်အတွင်း အုပ်ချုပ်မှုခံယူနိုင်ရန်ဆိုသည့် မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူ(၁)ဦး အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မပေါ်ပေါက်မီကတည်းက ယနေ့တိုင် တည်ရှိဆဲဖြစ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လက်ရှိမောင်တောခရိုင် အုပ်ချုပ်ရေးသည် နယ်စပ်ဒေသဖြစ်သည့်အတွက် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ အများပြည်သူအကျိုးရှေးရှုပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ငါး၊ ပုစွန်ကန်ကိစ္စနှင့်စပ်လျဉ်း၍ မောင်တောခရိုင် မောင်တောမြို့နယ် ငါးခူရကျေးရွာအုပ်စု ငါးခူရအနောက်ကွင်းရှိ ချောင်းရိုးဧရိယာမှာ (၁၄)ဧကရှိပြီး မြေရိုင်းအမျိုးအစား ဖြစ်ပါကြောင်း၊ ၁၉၉၄ ခုနှစ်မတိုင်မီက ရေချိုချောင်း အဖြစ် တာပတ်အသုံးပြုခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် မောင်တောမြို့ဧရိယာအတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့သည့်အတွက် ရေချိုတားတာတမံကျိုးပေါက်ကာ ချောင်းအတွင်းသို့ ရေငန်များဝင်ရောက်ခဲ့ပါကြောင်း၊ စီးဝင်လာသည့်ရေငန်များတွင် ရေငန်ပုစွန်သားပေါက်များ ပါရှိလာသည့်အတွက် ယင်းချောင်းအတွင်းရှိ ပုစွန်များကို ချောင်းပတ်ဝန်းကျင်ရှိလယ်သမားများက ကြုံသလိုဖမ်းယူစားသောက်ခဲ့ကြပါကြောင်း၊ ထိုအချိန်က ချောင်းရိုးကို တရားဝင်ငါးမွေးလိုင်စင် မည်သူမျှ လျှောက်ထားခြင်း မရှိခဲ့ကြောင်းကိုလည်း သိရှိရပါကြောင်း။

၎င်းမြေလွတ်မြေရိုင်း၊ ချောင်းရိုးရေဝပ်ဧရိယာကို ၁၉၉၆ ခုနှစ်ကစ၍ ယခင်မောင်တော (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)က ငါးမွေးမြူခွင့်လိုင်စင် လျှောက်ထားခဲ့သည့်အတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးမြူရေးဆိုင်ရာဥပဒေ ပုဒ်မ-၁၆ အရ ၁၉၉၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ (၁၆)နှစ်တိုင်တိုင် နှစ်စဉ်ချထားပေးခဲ့ပါကြောင်း၊ ယင်းဧရိယာကို အတင်းအဓမ္မသိမ်းယူခဲ့ခြင်းမဟုတ်ဘဲ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် မေးခွန်းပါ ဖော်ပြချက်သည် မှန်ကန်မှုမရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ညှိနှိုင်းတင်ပြချက်အရ စိစစ်တွေ့ရှိရပါကြောင်း။

ယင်းကိစ္စများနှင့်ပတ်သက်၍ မောင်တောမြို့နယ် ငါးခူရကျေးရွာအုပ်စု ဦးအီစွလာမ်နှင့် ဦးရှုမော်ဒေါ်(ခ) ဦးဆန်းဝင်းပါ လယ်သမား(၃၂)ဦးတို့က ၁၅-၈-၂၀၁၁ ရက်စွဲပါစာဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံ တိုင်ကြားခဲ့သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ခေါင်းဆောင်သည့်အဖွဲ့နှင့် စစ်ဆေးစေခဲ့ပါကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် ၁၀-၁-၂၀၁၂ ရက်တွင် ငါးခူရကျေးရွာသို့သွားရောက်ပြီး လယ်သမားများနှင့်တွေ့ဆုံမေးမြန်းကာ လိုင်စင်ရယူဆောင်ရွက်ထားသည့် ပုစွန်ကန်(၁၄)ဧကနှင့် ပတ်သက်ပြီး လက်ရှိပူးပေါင်းလုပ်ကိုင်ခွင့် အငှားချထားပေးသူများအနေဖြင့် အရင်းအနှီးများစိုက်ထုတ်ထားပြီးဖြစ်၍ စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုပြီး နောင်လာမည့်နှစ်များတွင် တိုင်ကြားထားသူများအပါအဝင် လုပ်ကိုင်လိုသူများအား အစုအဖွဲ့ဖွဲ့စည်းပြီး ပုစွန်တစ်သား၊ စပါးတစ်သီးလုပ်ကိုင်သွားရန်နှင့် ချောင်းရိုးပုစွန်ကန်နှင့် ဆက်စပ်လယ် ဧက(၂၄၀)အနက် အခြားလယ်သမား (၃၂)ဦးပိုင်လယ်ဧက (၁၈၀) ခန့်အား စပါးရိတ်သိမ်းပြီးနောက်ပိုင်းတွင် ရေငန်သွင်းပြီး ပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ငှားရမ်းသည့်အနေဖြင့် နှစ်စဉ်ထောက်ပံ့ငွေ တစ်ဧကလျှင် ကျပ်(၂၅၀၀၀)မှ ကျပ် (၃၀၀၀၀)သို့ တိုးမြှင့်ထောက်ပံ့သွားရန် ညွှန်ကြားခဲ့သည့်အတွက် သက်ဆိုင်ရာလယ်သမား (၃၂)ဦးအား ထောက်ပံ့ငွေများ ထုတ်ပေးခဲ့ပြီးဖြစ်သည်ကို သိရှိရပါကြောင်း။

ကွင်းဆင်းညှိနှိုင်း

ထို့ကြောင့် မေးမြန်းသည့်အချက်များမှာ မှန်ကန်မှုမရှိပါကြောင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ စိစစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲကြီးကြပ်မှုဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေသခံပြည်သူများအကျိုးအတွက် ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **"ယာဉ်မတော်တဆတိုက်မှုနှင့် ကြုံတွေ့သည့်အခါ ကူညီသူများကို အမှုမပတ်နိုင်အောင် ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ

တစ်ဝန်းလုံး ယာဉ်မတော်တဆမှု (၉၀၂၀)၊ ဒဏ်ရာ[…]
သူ(၂၄၆၁)ဦးရှိပြီး ၂၀၁၁ ခုနှစ်တွင် ယာဉ်မတော်[…]
ရရှိသူ(၁၇၀၈၀)နှင့် သေဆုံးသူ (၂၇၉၆)ဦးဖြစ်ခဲ့၍ ၂[…]
မှုများ များလာသကဲ့သို့ ဒဏ်ရာရသူနှင့် သေဆုံး[…]
လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဖြစ်ပွားခဲ့[…]
ကို စိစစ်ရာတွင် လက်ရှိမှတ်ပုံတင်ထားသည့် မော်[…]
အတွက်၏ (၀ ဒသမ ၄၃၂)ရာခိုင်နှုန်းရှိသည်ကို […]

ယာဉ်မတော်တဆမှုကြောင့် သေဆုံးရသူအမျ[…]
မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်းနှင့် အရက်[…]
ခြင်းများကြောင့် အများဆုံးဖြစ်ပွားသည်ကို စိစစ်[…]
သူတစ်ဦးအနေဖြင့် ယာဉ်တိုက်မှုတွင် မိမိယာဉ်ပါဝ[…]
လမ်းအသုံးပြုသူများလက်စွဲစာအုပ်တွင် ဖော်ပြထ[…]
မောင်းသူက ထွက်ပြေးသွားခဲ့လျှင် ဆောင်ရွက်ရ[…]
ရေး ကြီးကြပ်မှုကော်မတီ၏ သတိပေးနှိုးဆော်ချ[…]
ထုတ်ပြန်ကြေညာလျက်ရှိပါကြောင်း၊ ရာဇဝတ်မှုဖြစ်[…]
မတော်တဆမှုဖြစ်ပွားသည့်အခါတွင် ဒဏ်ရာရသူက[…]
ရန် ပြည်သူများအနေဖြင့်လည်း တာဝန်ရှိပါကြော[…]

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်[…]
ယာဉ်မောင်းကို တည်ဆဲဥပဒေများဖြစ်သည့် ပြစ်မှု[…]
အရေးယူဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါ[…]
အကူအညီပေးသူကို တရားခံအဖြစ် မှားယွင်းပြီး တ[…]
စွဲဆိုထားသည့်အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပု[…]
ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား[…]
ခွင့်ရှိပါကြောင်း၊ ထို့ပြင် ယာဉ်မောင်းဖြစ်သူကို ပြစ်[…]
သည့်နည်းဖြင့် ကာကွယ်ရန် တရားခံအစားထိုး[…]
ဖြစ်ပွားစဉ်ကကူညီသူကို တရားခံအဖြစ် ထည့်သွင်း[…]
ပေါ်ပေါက်ခဲ့လျှင်လည်း ပြစ်မှုဆိုင်ရာဥပဒေ အခန်[…]
ဖြောင့်မတ်စွာ တရားစီရင်ရေးကို ဆန့်ကျင်သောပြစ်[…]
ပြဋ္ဌာန်းထားသည့် ဆီလျော်ရာပြစ်မှုနှင့် တာဝန်ရှိ[…]
ပါကြောင်း။

ယာဉ်မတော်တဆတိုက်မှုတွင် အကူအညီ[…]
အတွက် အရေးယူတရားစွဲဆိုခံရပြီးသည့်နောက်တွင်[…]
ခံချက်များအရ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ မမှန်[…]
ပေါ်ပေါက်သဖြင့် တရားရုံးက ၎င်းကို အမှုမှ အပြီ[…]
နစ်နာမှုဥပဒေအရ တရားမမှုစွဲဆိုပြီး နစ်နာကြေး[…]

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်[…]
နှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း[…]
ထားသည့်အတွက် နိုင်ငံသားများအနေနှင့် ယာဉ်တို[…]
ဆေးရုံပို့ခြင်း၊ ကူညီခြင်းသည် ပြစ်မှုကျူးလွန်ခြင်းမဟု[…]
ကြောင်း၊ ကူညီသူများသည် သက်ဆိုင်ရာရဲတပ်ဖွဲ့[…]
စစ်ဆေးသည့်အခါ မှန်မှန်ကန်ကန် အစစ်ဆေး[…]
ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယာဉ်မ[…]
ရသည့်အခါ အသိစိတ်ဓာတ်ဖြင့် ကူညီသူများကို ဥပ[…]
ခြင်းမရှိပါသဖြင့် အမှုမပတ်အောင် ဥပဒေအသစ်[…]
ယူဆပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇေ[…]
လက်မှတ်များကို လျင်မြန်လွယ်ကူစွာ ရရှိနိုင်ရေးအတွက[…]
ရှိ/မရှိ" နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ်[…]
အဖြစ်သတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ နိုင်င[…]
သွားရောက်အလုပ်လုပ်ကိုင်မည့် သင်္ဘောသားမျ[…]
ရှိသည့် နိုင်ငံကူးလက်မှတ်၊ ပြည်ပသို့သွားရောက[…]
အတွက် သက်တမ်း(၄)နှစ်ရှိသည့် နိုင်ငံကူးလက်မှ[…]
ဆေးကု၊ အလည်၊ ကျောင်းသား၊ သင်တန်း၊ အစည[…]
သွားရောက်ရန်လျှောက်ထားသည့်သူများကို လုံ[…]
သက်တမ်း(၃)နှစ်ရှိ မြန်မာနိုင်ငံကူးလက်မှတ်များကို[…]

မြန်မာနိုင်ငံကူးလက်မှတ်ကို ငွေအကုန်ကျ[…]
နည်းနည်းဖြင့် (၂)ရက်အတွင်း ထုတ်ပေးနိုင်ရန်က[…]
လျှောက်လွှာပုံစံ (၁၇)ရွက်ကို အသုံးပြုခဲ့ရာမှ ၂၀၁[…]
(၉)ရွက်သို့ လျှော့ချခဲ့ပါကြောင်း၊ မြန်မာနိုင်ငံကူး[…]
ဧပြီ ၁ ရက်မှစ၍ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြေ[…]
Civil Aviation Organization, ICAO) ၏ […]
chine Readable Passport (MRP) စနစ်အရ […]
ဖြင့် ရိုက်နှိပ်ရသည့်အတွက် အရည်အသွေးမီသည့်[…]
ပြုရပါကြောင်း၊ ထို့ပြင် နိုင်ငံတော်လုံခြုံရေးအရ ကိုယ[…]
မှု ရှိ/မရှိ စိစစ်ရသဖြင့် ရက်သတ္တ(၂)ပတ်မှ (၃)ပ[…]
အတွက် (၃)ပတ်ခန့်ကြာမှ ထုတ်ပေးရခြင်းဖြစ်ပါ[…]

မြန်မာနိုင်ငံကူးလက်မှတ်ကို ငွေကုန်သက်သာ[…]
အတွက် အခြားနိုင်ငံများနည်းတူ တစ်နေရာတည်း[…]
(၅) နေရာတွင် ထုတ်ပေးနိုင်ရေးကိစ္စနှင့် ပတ်သက်၍[…]
ကို (ICAO) ၏ သတ်မှတ်ချက်နှင့်အညီ (MR[…]
အပြင် နိုင်ငံကူးလက်မှတ်စာအုပ်အလွတ်များကိုလည်[…]
စာတမ်းများအဖြစ် သတ်မှတ်ထားသောကြောင့် […]
ရန်ကုန်မြို့တွင်သာ ရိုက်နှိပ်ထုတ်ပေးလျက်ရှိပါကြေ[…]
များ၊ နာမကျန်းသူများအတွက် အထူးကိစ္စတစ်ရပ်[…]
လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ အခြေအနေတ[…]
ရောက် ဆောင်ရွက်ပေးရန်လိုအပ်လျှင် ရန်ကုန်မြ[…]
လက်မှတ် ထုတ်ပေးရေးအဖွဲ့ Home Service ဌ[…]
ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး[…]
ဖြင့်သွားရောက်လိုသူများနှင့် ဘုရားဖူးသွားရောက်[…]
လက်မှတ်ရရှိရေးအတွက် စုပေါင်းလျှောက်ထားမ[…]
မြို့နယ်များသို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိ[…]

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်[…]
"ပြည်ပမှ တရားဝင်ရောက်ရှိလာကြသည့် NGO[…]
အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေ[…]
ဆောင်ရွက်နေမှုများနှင့် ထိုအဖွဲ့အစည်းများအား မည်[…]
သည်" နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ[…]
များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ[…]
(NGOs)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစ[…]
အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များအနေ[…]

တစ်ဝန်းလုံး ယာဉ်မတော်တဆမှု (၉၀၂၀)၊ ဒဏ်ရာရရှိသူ (၁၆၀၁၃)ဦးနှင့် သေဆုံးသူ(၂၄၆၁)ဦးရှိပြီး ၂၀၁၁ ခုနှစ်တွင် ယာဉ်မတော်တဆမှု (၁၀၁၂၃)မှု၊ ဒဏ်ရာရရှိသူ(၁၇၀၈၀)နှင့် သေဆုံးသူ (၂၇၉၆)ဦးဖြစ်ခဲ့၍ ၂၀၁၁ ခုနှစ် ယာဉ်မတော်တဆမှုများ များလာသကဲ့သို့ ဒဏ်ရာရသူနှင့် သေဆုံးသူများကလည်း ပိုမိုများပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကို စိစစ်ရာတွင် လက်ရှိမှတ်ပုံတင်ထားသည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ် အရေအတွက်၏ (၀ ဒသမ ၄၃၂)ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးရသူအများစုသည် ယာဉ်ကိုမဆင်မခြင်မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်းနှင့် အရက်သေစာသောက်စား မောင်းနှင်ခြင်းများကြောင့် အများဆုံးဖြစ်ပွားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ယာဉ်မောင်းသူတစ်ဦးအနေဖြင့် ယာဉ်တိုက်မှုတွင် မိမိယာဉ်ပါဝင်ပါက လုပ်ဆောင်ရန်များကို လမ်းအသုံးပြုသူများလက်စွဲစာအုပ်တွင် ဖော်ပြထားရှိပြီးဖြစ်ပါကြောင်း၊ ယာဉ်မောင်းသူက ထွက်ပြေးသွားခဲ့လျှင် ဆောင်ရွက်ရန် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ သတိပေးနှိုးဆော်ချက်ကို ပြည်သူများသိရှိအောင် ထုတ်ပြန်ကြေညာလျက်ရှိပါကြောင်း၊ ရာဇဝတ်မှုဖြစ်ပွားခဲ့လျှင် သို့မဟုတ် ယာဉ်မတော်တဆမှုဖြစ်ပွားသည့်အခါတွင် ဒဏ်ရာရသူကို အနီးစပ်ဆုံးဆေးရုံသို့ ပို့ပေးရန် ပြည်သူများအနေဖြင့်လည်း တာဝန်ရှိပါကြောင်း။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ ပေါ့ဆစွာမောင်းနှင်သည့် ယာဉ်မောင်းကို တည်ဆဲဥပဒေများဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေများဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ယာဉ်တိုက်မှုများတွင် အကူအညီပေးသူကို တရားခံအဖြစ် မှားယွင်းပြီး တရားစွဲဆိုခဲ့လျှင်လည်း ယင်းသို့ စွဲဆိုထားသည့်အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ အမှုချေဖျက်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားခွင့်ရှိပါကြောင်း၊ ထို့ပြင် ယာဉ်မောင်းဖြစ်သူကို ပြစ်မှုနှင့်အရေးယူခြင်းမှ မသမာသည့်နည်းဖြင့် ကာကွယ်ရန် တရားခံအစားထိုးသည့်အနေဖြင့် ယာဉ်တိုက်မှုဖြစ်ပွားစဉ်ကကူညီသူကို တရားခံအဖြစ် ထည့်သွင်းတရားစွဲဆိုခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့လျှင်လည်း ပြစ်မှုဆိုင်ရာဥပဒေ အခန်း(၁၁)၊ မမှန်သက်သေခံမှုနှင့် ဖြောင့်မတ်စွာ တရားစီရင်ရေးကို ဆန့်ကျင်သောပြစ်မှုများ ခေါင်းစဉ်အောက်တွင် ပြဋ္ဌာန်းထားသည့် ဆီလျော်ရာပြစ်မှုနှင့် တာဝန်ရှိသူကို အရေးယူတရားစွဲဆိုနိုင်ပါကြောင်း။

ယာဉ်မတော်တဆတိုက်မှုတွင် အကူအညီပေးသူက ၎င်းယာဉ်တိုက်မှုအတွက် အရေးယူတရားစွဲဆိုခံရပြီးသည့်နောက်တွင် အမှုတွဲတွင်ရှိသည့် သက်သေခံချက်များအရ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ မမှန်မကန်တရားစွဲဆိုခံရကြောင်း ပေါ်ပေါက်သဖြင့် တရားရုံးက ၎င်းကို အမှုမှ အပြီးအပြတ်လွှတ်ခဲ့လျှင် တရားမနစ်နာမှုဥပဒေအရ တရားမမှုစွဲဆိုပြီး နစ်နာကြေးတောင်းဆိုခွင့်ရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံသားများအနေနှင့် ယာဉ်တိုက်ခံရသည့်လူနာကို အချိန်မီဆေးရုံပို့ခြင်း၊ ကူညီခြင်းသည် ပြစ်မှုကျူးလွန်ခြင်းမဟုတ်၍ အမှုပတ်ရန် မဖြစ်နိုင်ပါကြောင်း၊ ကူညီသူများသည် သက်ဆိုင်ရာရဲတပ်ဖွဲ့၊ တာဝန်ရှိသူများက တရားဝင်စစ်ဆေးသည့်အခါ မှန်မှန်ကန်ကန် အစစ်ဆေးခံခြင်းဖြင့် မှုခင်းဖြစ်ရပ်မှန်ကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယာဉ်မတော်တဆတိုက်မှုနှင့် ကြုံတွေ့ရသည့်အခါ အသိစိတ်ဓာတ်ဖြင့် ကူညီသူများကို ဥပဒေအရအရေးယူ ဆောင်ရွက်ခြင်းမရှိပါသဖြင့် အမှုမပတ်အောင် ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းရန် မလိုအပ်ဟု ယူဆပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **"နိုင်ငံကူးလက်မှတ်များကို လျင်မြန်လွယ်ကူစွာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ်ကို သက်တမ်း(၃)နှစ်မှ (၅)နှစ်အဖြစ်သတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားသင်္ဘောကုမ္ပဏီများတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် သင်္ဘောသားများအတွက် သက်တမ်း(၅)နှစ်ရှိသည့် နိုင်ငံကူးလက်မှတ်၊ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်လိုသူများအတွက် သက်တမ်း(၄)နှစ်ရှိသည့် နိုင်ငံကူးလက်မှတ်များနှင့် ခေတ္တ(စီးပွားရေး၊ ဆေးကု၊ အလည်၊ ကျောင်းသား၊ သင်တန်း၊ အစည်းအဝေး) စသည့်ကိစ္စများဖြင့် သွားရောက်ရန်လျှောက်ထားသည့်သူများကို လုံလောက်သည့်ကာလဖြစ်သည့် သက်တမ်း(၃)နှစ်ရှိ မြန်မာနိုင်ငံကူးလက်မှတ်များကို ထုတ်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံကူးလက်မှတ်ကို ငွေအကုန်ကျသက်သာပြီး စာရွက်စာတမ်းနည်းနည်းဖြင့် (၂)ရက်အတွင်း ထုတ်ပေးနိုင်ရန်ကိစ္စနှင့်ပတ်သက်၍ ယခင်က လျှောက်လွှာပုံစံ (၁၇)ရွက်ကို အသုံးပြုခဲ့ရာမှ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ (၉)ရွက်သို့ လျှော့ချခဲ့ပါကြောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်များကို ၂၀၁၀ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization, ICAO) ၏ သတ်မှတ်ချက်နှင့်အညီ Machine Readable Passport (MRP) စနစ်အရ လုံခြုံမှုဆိုင်ရာစက်ပစ္စည်းများဖြင့် ရိုက်နှိပ်ရသည့်အတွက် အရည်အသွေးမီသည့် စာရွက်စာတမ်းများကို အသုံးပြုရပါကြောင်း၊ ထို့ပြင် နိုင်ငံတော်လုံခြုံရေးအရ ကိုယ်ရေးနောက်ကြောင်း ကင်းရှင်းမှု ရှိ/မရှိ စိစစ်ရသဖြင့် ရက်သတ္တ(၂)ပတ်မှ (၃)ပတ်အတွင်း ကြန့်ကြာနိုင်သည့်အတွက် (၃)ပတ်ခန့်ကြာမှ ထုတ်ပေးရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကူးလက်မှတ်ကို ငွေကုန်သက်သာ၊ အချိန်ကုန်သက်သာစေရန်အတွက် အခြားနိုင်ငံများနည်းတူ တစ်နေရာတည်းတွင်မဟုတ်ဘဲ သင့်တော်သည့် (၅) နေရာတွင် ထုတ်ပေးနိုင်ရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံကူးလက်မှတ်များကို (ICAO) ၏ သတ်မှတ်ချက်နှင့်အညီ (MRP) စနစ်အရ ရိုက်နှိပ်ရသည့်အပြင် နိုင်ငံကူးလက်မှတ်စာအုပ်အလွတ်များကိုလည်း လုံခြုံမှုနှင့်ဆိုင်သော စာရွက်စာတမ်းများအဖြစ် သတ်မှတ်ထားသောကြောင့် လတ်တလောအခြေအနေတွင် ရန်ကုန်မြို့တွင်သာ ရိုက်နှိပ်ထုတ်ပေးလျက်ရှိပါကြောင်း၊ သို့သော် သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများအတွက် အထူးကိစ္စတစ်ရပ်အနေဖြင့် အိမ်တိုင်ရာရောက် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ အခြေအနေတစ်ရပ်ရပ်ကြောင့် အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးရန်လိုအပ်လျှင် ရန်ကုန်မြို့တွင်ရှိသည့် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ Home Service ဌာနစိတ်ကို လျှောက်ထားနိုင်ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ပြည်ပနိုင်ငံများသို့ အစုအဖွဲ့ဖြင့်သွားရောက်လိုသူများနှင့် ဘုရားဖူးသွားရောက်လိုသူများက မြန်မာနိုင်ငံကူးလက်မှတ်ရရှိရေးအတွက် စုပေါင်းလျှောက်ထားမှုများကိုလည်း သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ပြည်ပမှ တရားဝင်ရောက်ရှိလာကြသည့် NGO၊ INGO အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာတို့တွင် ဆောင်ရွက်နေမှုများနှင့် ထိုအဖွဲ့အစည်းများအား မည်သို့ကြီးကြပ် ကူညီစောင့်ရှောက်သည်"** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs)၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနတို့က နားလည်မှုစာချွန်လွှာ သို့မဟုတ် သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက် ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် ပြည်တွင်း NGO အသင်းအဖွဲ့ (၂၇၈)သင်းကို မှတ်ပုံတင်ခွင့်ပြုထားပြီး ယင်းအသင်းများအနက် (၁၁၂)သင်းမှာ မြို့နယ်အသင်းများဖြစ်ပြီး အသင်းဝင်များ၏ သာသနာရေးနှင့် လူမှုရေးကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ (၇၄)သင်းမှာ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး (၉၂)သင်းမှာ မိဘမဲ့ကလေးများစောင့်ရှောက်ရေး၊ ပင်စင်စားများ သက်သာချောင်ချိရေးနှင့် နာရေးကူညီမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပမှလာရောက်လုပ်ငန်းဆောင်ရွက်နေကြသည့် INGO အဖွဲ့အစည်း (၅၃)ဖွဲ့ရှိသည့်အနက် ပြည်ထဲရေးဝန်ကြီးဌာနက မှတ်ပုံတင်ခွင့်ပြု ထားသည့်အဖွဲ့(၆)ဖွဲ့ရှိပြီး ကျန်မှတ်ပုံတင်ခွင့် မရရှိသေးသည့် (၄၇)ဖွဲ့တွင် (၃၈)ဖွဲ့ မှာ လက်ရှိလျှောက်ထားဆဲဖြစ်ပြီး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ INGO အဖွဲ့ (၅၃)ဖွဲ့သည် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ INGO အဖွဲ့အစည်းများသည် ပညာရေး၊ ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ သောက်သုံးရေရရှိရေးနှင့် သန့်ရှင်းရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်လျော့ချရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းရပ်ပေါင်း (၆၇)ခုကို မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ လုပ်ငန်းစီမံချက်အသီးသီးကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ယင်းအဖွဲ့အစည်းများ၏ ပူးပေါင်းညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းများအပေါ် ကြီးကြပ်မှုများကို နိုင်ငံတော်၏ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်၊ အချုပ်အခြာအာဏာကို ထိခိုက်နိုင်သည့်ကိစ္စရပ်များမဖြစ်ပေါ်စေရန်၊ နိုင်ငံတော်အတွက် အနှောင်အဖွဲ့ကင်းလွတ်သော ပူးပေါင်းဆောင်ရွက်မှုများဖြစ်စေရန်နှင့် နိုင်ငံတော်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လမ်းကြောင်းမှန်ညွှန်ပြမှုပေးရန်၊ ပူးပေါင်းဆောင်ရွက်ရန်၊ လိုအပ်သောအကူအညီများပံ့ပိုးပေးရန်နှင့် လိုအပ်သည့်ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် မေးမြန်းစဉ်။
(သတင်းစဉ်)

စာချုပ်ချုပ်ဆို

လုပ်ငန်းဆိုင်ရာ အဆိုပြုတင်ပြခြင်း၊ ခွင့်ပြုချက်ရယူခြင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လိုသည့် လုပ်ငန်း အဆိုပြုချက် (Project Proposal)၊ အခြေခံသဘောတူစာချုပ် (Basic Agreement)နှင့် နားလည်မှုစာချွန်လွှာ (MOU) မူကြမ်းများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ အဆိုပြုတင်ပြပြီး မိတ္တူကို သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပေးပို့ရပါကြောင်း၊ ယင်းအဆိုပြုချက်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှေ့နေချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူပြီး နိုင်ငံခြားရေးရာ မူဝါဒကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများကိုတင်ပြပြီး သဘောတူခွင့်ပြုချက်ရရှိလျှင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စာချုပ်ချုပ်ဆိုရပါကြောင်း။

မှတ်ပုံတင်ခြင်းနှင့် ရုံး/ရုံးခွဲများဖွင့်လှစ်ခြင်းနှင့်ပတ်သက်ပြီး NGO/INGO အဖွဲ့အစည်းများအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် အဖွဲ့အစည်းမှတ်ပုံတင်ပြီးမှသာ ရုံး/ရုံးခွဲများကို တရားဝင်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများခန့်ထားခြင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံတွင်ရှိသည့် ဌာနေကိုယ်စားလှယ်ရုံးများတွင် နိုင်ငံခြားသားများခန့်ထားရေးကိစ္စကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ နိုင်ငံခြားရေးရာမူဝါဒကော်မတီကို တင်ပြပြီး သဘောတူခွင့်ပြုချက်ကို ရယူရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းမှ နိုင်ငံသားဝန်ထမ်းများကိုခန့်ထားရာတွင် ၎င်းတို့အတွက် လိုအပ်သည့်အရည်အချင်းကို ယင်းအဖွဲ့အစည်းများက သက်ဆိုင်ရာဝန်ကြီးဌာနများထံ အကြောင်းကြားရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက အရည်အချင်းနှင့် ပြည့်မီသူများစာရင်းကို ပေးပို့ရမည်ဖြစ်ပြီး ယင်းစာရင်းထဲမှ ရွေးချယ်ခန့်ထားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားသားဝန်ထမ်းများကို မြန်မာနိုင်ငံတွင် တာဝန်ခန့်ထားပေးလိုလျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက အဆိုပြုပြီး ယင်းဝန်ကြီးဌာန၏ သဘောတူညီသည့် ပုဂ္ဂိုလ်ကိုသာလျှင် တာဝန်ပေးခန့်အပ်ရန်ဖြစ်ပါကြောင်း။

ပြည်တွင်းခရီးသွားလာရေးကိစ္စနှင့်ပတ်သက်ပြီး ပြည်တွင်းခရီးသွားလာရေးကိစ္စလုပ်ငန်း စီမံချက်ကို တာဝန်ယူ ဆောင်ရွက်သည့် သက်ဆိုင်ရာဝန်ကြီးဌာနက ခရီးစဉ်လုံခြုံရေးစီစဉ်ဆောင်ရွက်ပေးပြီး တာဝန်ရှိပုဂ္ဂိုလ်က လိုက်ပါပေးရပါကြောင်း။

စီမံခန့်ခွဲရေးနှင့် စီမံချက်အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး လုပ်ငန်းစီမံချက်အတွက် ပစ္စည်းများ တင်သွင်းခြင်း၊ မော်တော်ယာဉ်များတင်သွင်းခြင်းနှင့် ဌာနချုပ်မှ ပုဂ္ဂိုလ်/အဖွဲ့များ၏ ပြည်ဝင်ဗီဇာရရှိရေး စသည့်ကိစ္စရပ်များကို နိုင်ငံတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ယင်းအဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးထားသည့် သက်ဆိုင်ရာဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးရပါကြောင်း။

ထို့ပြင် အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းစီမံချက်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက ဒုတိယဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် ဗဟိုအဆင့်နိုင်ငံတော်အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် INGO/ NGO များအကြား အစည်းအဝေးကို သုံးလတစ်ကြိမ် ကျင်းပညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်စသည့် အဆင့်ဆင့်သော ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစီမံချက်များအား သက်ဆိုင်ရာအဖွဲ့အစည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက အောက်ခြေတွင်ပေါင်းစပ်ညှိနှိုင်းနိုင်ရန်အတွက် အသိပေးအကြောင်းကြားထားရပါကြောင်း၊ စီမံချက်လုပ်ငန်းများ ဆောင်ရွက်မည့်အဖွဲ့များကလည်း တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်များသို့ ရောက်ရှိသည့်အခါ သက်ဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ထံ ဆက်သွယ်အကြောင်းကြားပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီး လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်းပြီး လစဉ်အစီရင်ခံစာများနှင့် (၃)လ တစ်ကြိမ် အစီရင်ခံစာများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပေးပို့ရပါကြောင်း၊ အစီရင်ခံစာအပေါ် ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များရှိလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးရပါကြောင်း၊ ငွေကြေးသုံးစွဲမှုနှင့်စပ်လျဉ်းပြီး ရရှိလာသည့် ရန်ပုံငွေ(နိုင်ငံခြားငွေ)များကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး FEC ပြန်လည်ထုတ်ယူကာ သုံးစွဲရန်နှင့် ရန်ပုံငွေခွဲဝေသုံးစွဲရေးကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနများက INGO များနှင့် ကြိုတင်ညှိနှိုင်းရပါကြောင်း၊ စစ်တမ်းများကောက်ယူခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို မူလစီမံချက်စာတမ်းတွင် ပါဝင်မှုမရှိလျှင် ဆောင်ရွက်ခွင့်မရှိပါကြောင်း၊ လုပ်ငန်းစီမံချက်သက်တမ်း တိုးမြှင့်ရန်အတွက် မူလက စတင်တာဝန်ယူဆောင်ရွက်သည့်ဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်ရယူပြီး သဘောတူခွင့်ပြုချက်ရယူပါကြောင်း။

NGO/INGO အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းတို့၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်ကို နည်းမှန်၊ လမ်းမှန်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်သည်နှင့်အမျှ ယင်းအဖွဲ့အစည်းများ၏ တာဝန်ယူလုပ်ကိုင်သည့် လုပ်ငန်းများ တိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြသကဲ့သို့ အချို့သည် လုပ်ထုံးလုပ်နည်း မှန်ကန်မှုမရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ လုပ်ငန်းအမျိုးအစားများပြားစွာ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း စသည်တို့ကြောင့် ထိရောက်မှုရသင့်သလောက်မရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် INGO နှင့် NGO အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ကြီးကြပ်ကူညီ စောင့်ရှောက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသန်းမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းသည်။ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း တင်သွင်းထားသည့် **"အရည်အချင်းပြည့်ဝသော ရှေ့နေများပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန်"** အဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်းက ရှေ့နေများသည် တရားရေးမဏ္ဍိုင်ကို တည့်မတ်အောင် ထိန်းကျောင်းရသူများဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေအားလုံးကို နှံ့စပ်ကျွမ်းကျင်ကြရပါကြောင်း၊ ဥပဒေကျောင်းသားများ ဥပဒေပညာများကို လုံလောက်စွာသင်ကြားနိုင်ရန်အတွက် အချိန်ကာလလိုအပ်ပါကြောင်း၊ ဥပဒေပုဒ်မ၏ အဆိုများ၊ စီရင်ထုံးများကို လေ့လာဖတ်ရှုရန် လိုအပ်ပါကြောင်း၊ ရှေ့နေများ၏အကျင့်စာရိတ္တကောင်းမွန်ရန်အတွက် ရှေ့နေကျင့်ဝတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ရှေ့နေများအနေဖြင့် တရားရေးမဏ္ဍိုင်မယိုင်လဲစေရန်အတွက် ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်နေသည့်အတွက် တိုက်တွန်းရန် မလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆွေးနွေး

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေက (၂၅)နှစ်ကျော် ရှေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့ပါကြောင်း၊ ရှေ့နေကောင်းများရှိသကဲ့သို့ ရှေ့နေဆိုးများလည်းရှိသည်ကို သိရှိပါကြောင်း၊ စစ်ကိုင်းမင်းလက်ထက်တွင် တရားသူကြီးကို ခုံမင်းဟု ခေါ်ဝေါ်ပါကြောင်း၊ ရတနာပုံခေတ်တွင် တရားသူကြီးဟုခေါ်လာပြီး ဝတ်လုံဟုခေါ်သူများကိုလည်း ရှေ့နေဟုခေါ်ဝေါ်လာသည်ဟု သိရပါကြောင်း၊ အင်္ဂလိပ်ခေတ်တွင် ရှေ့နေစာမေးပွဲများဖြေဆိုအောင်မြင်သည့် မြန်မာရှေ့နေများ ပေါ်ပေါက်လာခဲ့ကြောင်း၊ ပါတီကောင်စီခေတ်တွင် တရားစီရင်ရေးသည် ပုံစံပြောင်းလဲခဲ့ပါကြောင်း၊ တရားသူကြီးများ၏ အဂတိလိုက်စားမှုသည် အလွန်နည်းပါးကြောင်း၊ တရားရေးမဏ္ဍိုင်တည့်မတ်စေရန်အတွက်မှု ရှေ့နေများသာမက တရားသူကြီးများမှာလည်း တာဝန်ရှိပါကြောင်း၊ အဆိုတွင်ပါဝင်သည့်တင်ပြချက်များအနက် ရှေ့နေများအား တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တွေ့ဆုံဆွေးနွေးရန်တိုက်တွန်းချက်မှာမူ လွတ်လပ်သော တရားစီရင်ရေးကို ထိခိုက်နိုင်သည့်အတွက် မထောက်ခံပါကြောင်း၊ ကျန်အချက်များကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က ရှေ့နေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအား တိုက်တွန်းရန် မလိုအပ်ဟုယူဆပါကြောင်း၊ လူဆိုးလူကောင်းမှာ ရှေ့နေလူတန်းစားတွင်သာရှိနေခြင်းမဟုတ်ဘဲ လူ့အဖွဲ့အစည်းတိုင်းတွင် ရှိနေပါကြောင်း၊ တရားရေးအဖွဲ့အစည်းများတွင် ပါဝင်သည့် တရားသူကြီး၊ ရှေ့နေ၊ အမှုစွဲဆိုသူများက ဥပဒေကို ကျွမ်းကျင်ရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က **"တရားရေးမဏ္ဍိုင်ကိုထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများပေါ်ထွန်းလာရေးအတွက် အစီအမံများဆောင်ရွက်ပေးပါရန်"** ဟု ခေါင်းစဉ်ပြောင်းလဲပြီး အဆိုကိုရွှေ့ဆိုင်းကြောင်း ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းထားသည့် **"ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အသက်အန္တရာယ်အများအပြားဆုံးရှုံးသည်အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေပါ၍ အရေးပေါ်ကယ်ဆယ်ရေးယူနစ်များ စီမံထားရှိပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်တို့က မီးသတ်ဦးစီးဌာနရှိ ကယ်ဆယ်ရေးယာဉ်များကို ရန်ကုန်၌သာထားနိုင်ပါကြောင်း၊ ဗဟိုမီးသတ် သင်တန်းကျောင်းတွင် ကယ်ဆယ်ရေးသင်တန်းပေးလျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဆိုလျှင် မီးသတ်နှင့်ကြက်ခြေနီတို့ ပါဝင်ကြောင်း၊ မီးလောင်ခြင်းကိုသာမက ဘေးအန္တရာယ်ကြုံတိုင်း တာဝန်ယူနေရပါကြောင်း၊ ခေတ်မီကယ်ဆယ်ရေးအဖွဲ့များ ပီပီပြင်ပြင် ဖွဲ့စည်းမည်ဆိုပါက စီမံကိန်းတစ်ရပ်အဖြစ် ဘတ်ဂျက်ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း၊ အမြန်လမ်းမကြီးတွင် ယာဉ်သွားလာမှုများ များပြားလာကြောင်း၊ လမ်းမှာအဆက်အသွယ်ပြတ်သဖြင့် ထိခိုက်မှုများကို မကယ်တင်နိုင်ခဲ့ပါကြောင်း၊ တံတားနေရာများတွင်သာ မီးအလင်းရောင်ရှိပြီး အခြားနေရာများတွင် ကားမီးရောင်ကိုသာ အားပြုသွားလာရပါကြောင်း၊ အန္တရာယ်ကင်းရေး၊ ယာဉ်မတော်တဆမှုမဖြစ်ရေး၊ ဖြစ်လျှင်လည်းအရေးပေါ် ကယ်ဆယ်နိုင်ရေးတို့အတွက် အဆိုတင်သွင်းခြင်းဖြစ်၍ ထောက်ခံပါကြောင်း၊ အမြန်လမ်းမကြီးမှာ ကွန်ကရစ်လမ်းမကြီးဖြစ်ပါကြောင်း၊ ကတ္တရာထပ်ပိုးလွှာ မခင်းနိုင်သေးသဖြင့် ယာဉ်နှင့်တာယာကို ထိခိုက်နိုင်ပါကြောင်း၊ အန္တရာယ်ရှိသောနေရာများတွင် အကာအရံမရှိခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားတတ်ပါကြောင်း၊ မူလရည်ရွယ်သည့်လေးလမ်းသွားလမ်းကို မတည်ဆောက်နိုင်သေးဘဲ နှစ်လမ်းသွားသာ တည်ဆောက်ထားသေးသဖြင့် ယာဉ်ကျော်တက်ပါက အန္တရာယ်ရှိနိုင်ကြောင်း၊ လမ်းအခြေအနေကြောင့်သာမဟုတ်ဘဲ အခြား အကြောင်းများကြောင့်လည်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားနိုင်ပါကြောင်း၊ ဖြစ်ပွားပါက အမြန်ကယ်ဆယ်နိုင်ရန် တင်ပြသည့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်နှင့် နေပြည်တော်-မန္တလေး အမြန်လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ စတင်ဖွင့်လှစ်ခဲ့ပြီးသည့်နောက် နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းမှာ စဖွင့်သည်မှ (၃)နှစ်တာ ကာလအတွင်း ယာဉ်မတော်တဆမှု (၂၄၀)၊ ဒဏ်ရာရသူ (၅၀၅)ဦးနှင့် သေဆုံးသူ (၁၀၈)ဦးရှိခဲ့ပါကြောင်း၊ နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် လမ်းဖောက်လုပ်ဆဲကာလအပါအဝင် (၃)နှစ်အတွင်း ယာဉ်မတော်တဆမှု (၅၀)၊ ဒဏ်ရာရသူ (၁၁၃)ဦးနှင့် သေဆုံးသူ(၃၉)ဦးရှိခဲ့ပါကြောင်း၊ လမ်းမကြီးမှာ လမ်းအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်မှုမရှိသေးသော်လည်း ပြည်သူများသွားလာမှုလွယ်ကူအဆင်ပြေစေရန်အတွက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် ယာဉ်ကြောပိတ်ဆို့မှုများ ကာကွယ်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရန်အတွက် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် ဘောနတ်ကြီးရဲစခန်း၊ ဥသျှစ်ကုန်းရဲစခန်း၊ မြို့ချောင်းရဲစခန်း၊ ဖြူးရဲစခန်း၊ အုတ်တွင်းရဲစခန်း၊ သာဂရရဲစခန်း စသည့် ရဲစခန်းအသစ်(၆)ခုနှင့် နေပြည်တော်-မန္တလေး အမြန်လမ်းပိုင်းတွင် ပန်းတင်ရဲစခန်း၊ ပေပင်လေးရဲစခန်း၊ သီးကုန်းရဲစခန်း၊ ပြင်စည်ရဲစခန်း၊ စကားအင်းရဲစခန်း စသည့် ရဲစခန်းအသစ်(၅)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး အဝေးပြေးလမ်းမကြီး လုံခြုံရေးနှင့်လမ်းကြောင်းတစ်လျှောက်ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများကို ယင်းစခန်းများကပင် အမှုဖွင့်အရေးယူကိုင်တွယ် ဆောင်ရွက်လျက်ရှိသည့်အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဖောက်ဖျက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာဉ်မတော်တဆမှုများ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ပေးခြင်း၊ ထိခိုက်ဒဏ်ရာရမှုများရှိလာပါကလည်း အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ခြင်းနှင့် အနီးစပ်ဆုံးပြည်သူ့ဆေးရုံများသို့ အမြန်ဆုံးတင်ပို့ကုသပေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာမိသားစုများထံ ဆက်သွယ်အကြောင်းကြားပေးခြင်း၊ လမ်းကြောင်းပေါ်တွင် ယာဉ်များပိတ်ဆို့မှုမရှိစေရန် ရှင်းလင်းပေးခြင်းစသည့် တာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့လျှင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ အနီးစပ်ဆုံး မြို့နယ်မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များကလည်း အမြန်ဆုံးသွားရောက်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိ (၁၁၅)မိုင်ယာဉ်ရပ်နားစခန်းအနီးတွင် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှစ၍ ဖြူးမြို့နယ်ကြက်ခြေနီအသင်းက

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

14-3 (08+09).pmd 2 3/14/2012, 2:26 AM

စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၁၃

စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၅)ဆင်းပွဲကို မတ် ၁၂ရက် နံနက် ၁၀နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က အမှာစကားပြောကြားရာတွင် သင်တန်းသားများသည် မိမိတို့၏ စစ်ဆေးရေးတာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးတည်ချက်ထား၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သင်တန်းသားများသည် မိမိတို့၏ စစ်ဆေးရေးအလုပ်များကို စာရင်းစစ်ကျင့်ဝတ်သိက္ခာများဖြစ်သည့် ရိုးသားဖြောင့်မတ်စွာနှင့် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်စွာဖြင့်ဆောင်ရွက်ရန် ပြည်သူများက ယုံကြည်မျှော်လင့်နေကြောင်း၊ မိမိတို့၏ စစ်ဆေးရေးအလုပ်သည် ကျင့်ဝတ်သိက္ခာနှင့်အညီ လုံလောက်သော သတိသမ္ပဇဉ်ထား၍ စစ်ဆေးခံအဖွဲ့အစည်း၏ လုပ်ငန်းနှင့်စာရင်းများအား မှန်ကန်ပြည့်စုံမှုရှိစေရေး၊ ထိရောက်အကျိုးရှိစေရေး၊ သယံဇာတပစ္စည်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာ စီမံခန့်ခွဲသုံးစွဲစေရေး၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာစေရေး တွန်းအားပေး ကြပ်မတ်ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူတို့၏ ယုံကြည်ကိုးစားမှုရရှိရေးအတွက် စစ်ဆေးရေး လုပ်ငန်းစဉ်တစ်လျှောက် သင်တန်းသားများအနေဖြင့် ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းလျက် ရိုးသားဖြောင့်မတ်စွာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ အတိအကျလိုက်နာ၍ မိမိအလုပ်တာဝန်များကို ကျေပွန်စွာ စစ်ဆေးရေး၊ စွမ်းရည်မြင့်မားစွာဖြင့် စွမ်းအားပြည့်ဆောင်ရွက်ရန် အထူးပင်လိုအပ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူများက အားကိုးအားထားပြုလောက်သည့်သူများအဖြစ် ခိုင်မာစွာရပ်တည်နေထိုင်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်များ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၅) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

စခန်းတစ်ခုဖွင့်လှစ်ထားရှိပြီး အရေးပေါ်သူနာပြုယာဉ် (၁)စီး၊ လိုအပ်သည့်ပရိဘောဂပစ္စည်းများ၊ ရှေးဦးသူနာပြုဆေးအိတ်များ၊ ပစ္စည်းကိရိယာများနှင့် ဆက်သွယ်ရန်တယ်လီဖုန်းတစ်လုံးနှင့်အတူ ၂၄ နာရီ တာဝန်ချထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် သင့်လျော်သည့် (၄)နေရာခန့်တွင် အရေးပေါ်ကယ်ဆယ်ရေးယူနစ်များ ဖွဲ့စည်းထူထောင်ပေးရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်သင့်ပါကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်ကျင်းပ

ယင်းနောက် အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၄၀ တွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို မတ် ၁၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတွင် မေးခွန်း(၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုတင်သွင်းခြင်း၊ အဆို(၂)ခုဆွေးနွေးခြင်းနှင့် ယင်းအဆိုများအနက် (၁)ခုကို ဆိုင်းငံ့ခြင်းနှင့် (၁)ခုကိုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၃

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင် မိဘများ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို မတ် ၃၁ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်မွှာရုံ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သောကြောင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များအားလုံးနှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးဒေသမှ မိတ်ဆွေသင်္ဂဟများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ကျောက်ဆည်အသင်း(ရန်ကုန်) အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

● *ရှေ့ဖုံးမှ*

အချက်အလက်တွေကို ဖော်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်လို့လည်း ဂျိမ်းစ်ကင်မရွန်က ပြောကြားပါတယ်။

ဒါရိုက်တာဂျိမ်းစ်ကင်မရွန်ဟာ ကမ္ဘာကျော်တိုက်တန်းနစ်ရုပ်ရှင်ကားကို ရိုက်ကူးစဉ်ကတည်းက တစ်ယောက်စီးရေငုပ်သင်္ဘောသဖွယ်တည်ဆောက်ထားတဲ့ ယာဉ်နဲ့ အသုံးပြုရိုက်ကူးခဲ့တာဖြစ်ပြီး အဲဒီကတည်းက ကမ္ဘာ့ရေအနက်ဆုံးမှာ နစ်မြုပ်နေတဲ့ သင်္ဘောတွေအကြောင်းကို ရုပ်ရှင်ရိုက်ကူးဖို့ နှစ်ပေါင်းများစွာ စိတ်ဆန္ဒပြင်းပြနေခဲ့သူဖြစ်ပါတယ်။

တည်ဆောက်ပေး

ဂျိမ်းစ်ကင်မရွန်အသုံးပြုမယ့် Deepsea Challenge လို့ခေါ်တဲ့ တစ်ယောက်စီးရေငုပ်သင်္ဘောကို ဩစတြေးလျအင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့က တည်ဆောက်ပေးထားတာဖြစ်ပါတယ်။ အဲဒီရေယာဉ်ဟာ ဂျိမ်းစ်ကင်မရွန်ရဲ့ဒါရိုက်တာလုပ်ငန်းသုံး ယာဉ်တစ်စီးလည်းဖြစ်ပါတယ်။

အဲဒီရေငုပ်သင်္ဘောယာဉ်ငယ်မှာ အနီးအဝေးကွဲပြားစွာ ရုပ်လုံးကြွမြင်ရပြီး ရုပ်ရှင်နဲ့ဓာတ်ပုံနှစ်မျိုးစလုံး အသုံးပြုနိုင်တဲ့ သေးငယ်တဲ့ကင်မရာတစ်လုံးအပါအဝင် ရိုက်ကူးရေးကင်မရာများ တပ်ဆင်ထားပါတယ်။ အဲဒီကင်မရာဟာ ရေအနက်ခုနစ်မိုင်မှာ လှုပ်ရှားနေတဲ့ ရေလှိုင်းတွေကိုလည်း မှတ်တမ်းတင်ရိုက်ကူးနိုင်တယ်လို့ ဆိုပါတယ်။

ဒါရိုက်တာဂျိမ်းစ်ကင်မရွန်ဟာ ကမ္ဘာ့ရေအနက်ဆုံးနေရာကို အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ရင် ၁၉၆၀ ခုနှစ် ဇန်နဝါရီ ၂၃ ရက်က အဲဒီနေရာကို ဆင်းသက်ခဲ့တဲ့ ရစ်ချက်ဘရန်ဆန်ပြီးနောက် ဒုတိယမြောက်လူသားတစ်ဦး ဖြစ်လာမှာဖြစ်ပါတယ်။

(အင်တာနက်)

စာအုပ်စာပေ | လှူမိတ်ဆွေ

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မြစ်ကြီးနားမြို့နယ် တိုက်နယ်ဆေးရုံစစ်ဆေး

နေပြည်တော် မတ် ၁၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ဘောက်ဂျာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြတိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသနှင့် တောင်တန်းဒေသနေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နည်းနာသုံးရပ်ကို တာဝန်ကျေပွန်စွာအပြင် စေတနာအပြည့်ဖြင့်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မိုင်းနားလဝမ်ကထောင်နှစ်ခြင်းစခန်း၊ မိုင်းနားကက်သလစ်စခန်း၊ မြို့မနှစ်ခြင်းစခန်းနှင့် နှစ်ခြင်းဇုန်နယ်စခန်းများသို့သွားရောက်ပြီး ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ပြောင်းရွှေ့လာသူများအား နှစ်သိမ့်အားပေးစကားပြောကြားကာ ဆေးဝါးနှင့်အစားအသောက်များ ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် ပါဝင်ကြီးကြပ်မည့် ကြီးကြပ်ရေးမှူးနှင့် ဆရာ ဆရာမများအား မတ် ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က လိုအပ်သည်များ မှာကြားစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေးသတင်းပဒေသာ

ကော့ကရိတ်မြို့နယ် နဘူးကျေးရွာ၌ လေပြင်းတိုက်ခတ်

ကော့ကရိတ် မတ် ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နဘူးကျေးရွာတွင် မတ် ၁၁ ရက် ညနေ ၃ နာရီခွဲခန့်က မိုးသက်လေပြင်းများ ၁ နာရီခန့် ကျရောက်သဖြင့် နဘူး အထက်တန်းကျောင်းအဆောင်(၁)၊ အဆောင်(၃)၊ အဆောင်(၅) နှင့် အဆောင်(၆)တို့ အမိုးဒိုင်းများပျက်စီးလွင့်စဉ်ပြီး မျက်နှာကြက်များ ပြိုကျပျက်စီးခဲ့ကြောင်းနှင့် ကျောင်းဝင်းအုတ်တံတိုင်း ၁၈ ကန့် ပေ ၁၄၀ ခန့်လည်း ပြိုလဲပျက်စီးသွားကြောင်း သိရှိရသည်။

(၁၀၉)

ညောင်လေးပင်မြို့နယ်၌ လေပြင်းများတိုက်ခတ်၊ မိုးရွာသွန်း

ညောင်လေးပင် မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်၌ မတ် ၁၂ ရက် (တနင်္လာနေ့)က ည ၇ နာရီခွဲမှ ၈ နာရီအထိ အချိန်အခါမဟုတ် လေပြင်းများ တိုက်ခတ်ပြီး ည ၉ နာရီခွဲခန့်အထိ မိုးများရွာသွန်းခဲ့သည်။

လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်အချို့ ပြိုကျပျက်စီးခဲ့ပြီး နေအိမ်တိုက်တာအချို့ ခေါင်မိုးသွပ်များလန်ခြင်း၊ ပွင့်ထွက်ခြင်းများနှင့် ဓာတ်တိုင် အချို့လဲကျခြင်း၊ သစ်ပင်များ ကျိုးပဲ့ပျက်စီးခြင်းများဖြစ်ခဲ့ကြောင်း သိရှိရသည်။

(၁၃၈)

မြန်မာ့အလင်း စာအုပ်ခင်ကဏ္ဍ ၁၃-၃-၂၀၁၂

ကိုလင်း ➤ စုစည်းသည်

PHP လျှော့ကားထစ်များစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးဆရာကိုကျော် ရေးသားသော PHP လှေကားထစ်များစာအုပ် ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် နည်းပညာခေတ်၌ Popular ဖြစ်နေသော PHP Language ကို အကောင်းဆုံး ရှင်းပြထားပြီး အဆင့်မြင့် Websit များ ဖန်တီးနိုင်ခြင်း၊ Database များဖြင့် Website များ ချိတ်ဆက်နိုင်ခြင်း စသည်တို့ကို ရှင်းပြထားသည်။ စာအုပ်၏ အခန်းတစ်ခုချင်းစီတွင် ကွန်ပျူတာပညာရပ်များနှင့် Website တို့ ချိတ်ဆက်အသုံးပြုပုံကို ရေးသားထားသည်။ အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေအမှတ် (၂၃၇) ပထမထပ် ၃၉ လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅ မှ ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

သင်္ချာဉာဏ်စမ်းနှင့် ဗဟုသုတစာအုပ် ထုတ်ဝေဖြန့်ချိ

ဒေါက်တာခင်မောင်ဝင်း(သင်္ချာ)၏ သင်္ချာဉာဏ်စမ်းနှင့် ဗဟုသုတစာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် ဉာဏ်စမ်းပုစ္ဆာများထဲတွင် လက်တွေ့သုံးနိုင်သော ပုစ္ဆာများ ပါဝင်သည်။ ပညာဗဟုသုတဆိုင်ရာမေးခွန်းများတွင် သမိုင်းဆိုင်ရာ သင်္ချာတီထွင်မှုနှင့် အချက်အလက်ဆိုင်ရာမေးခွန်းများနှင့် အဖြေများကို တွေ့နိုင်သည်။ အားလုံးသည် သင်္ချာဆိုင်ရာ စဉ်းစားနည်းဉာဏ်ရည်နှင့် ပညာဗဟုသုတတိုးစေမည့် မေးခွန်းနှင့် အဖြေများဖြစ်သည်။

ကျောင်းသား ကျောင်းသူတိုင်းသည် ဘဝတစ်လျှောက်လုံးကြီးပွားတိုးတက်စေရန်နှင့် အရွယ်ရောက်လာသည့်အခါ ပြဿနာအရပ်ရပ်ကို ဖြေရှင်းတတ်စေရန် ရည်ရွယ်၍ ထုတ်ဝေထားကြောင်းသိရသည်။ အဆိုပါစာအုပ်ကို ရန်အောင်စာပေ အထက(၁)ရန်ကင်းကျောင်းရှေ့ ၁၂ လုံးတန်းမှတ်တိုင်အနီး ရန်ကင်းမြို့နယ် ဖုန်း-၀၉-၅၁၇၉၃၉၈ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားကြောင်းသိရှိရသည်။

မြန်မာ့ရိုးရာအိမ်နေရာချထားခြင်းပညာစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးဆရာရန်အောင်ဟိန်း ရေးသားသော မြန်မာ့ရိုးရာ အိမ်နေရာချထားခြင်းပညာစာအုပ် ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် ရှေးမြန်မာပညာရှိများ၏ အိမ်ဆောက်ခြင်းဆိုင်ရာ အယူအဆအချို့ကို ဖော်ပြထားသည်။ ထို့ပြင် အိမ်ဆောက်ခြင်းကို ဓာတ်သဘာဝများနှင့် ဝါစတုု၊ နက္ခတ်ဗေဒင်ပညာနှင့် ဆက်စပ်ပုံ၊ မြေရွေးချယ်ခြင်း၊ အဆောက်အအုံ စတင်ဆောက်လုပ်ခြင်း၊ နေထိုင်ရာအိမ်အတွင်း အခန်းအသီးသီးတို့၏ တည်ရှိပုံအနေအထား စသည်တို့ကို ဖော်ပြထားသည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် ၃၉လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅မှ ငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ရှက်ရှက်ထက်ပို၍ ရှက်စရာကောင်းသောအရာနှင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနည်းလမ်းများစာအုပ် ထုတ်ဝေ

စာရေးဆရာ ဒေါက်တာထွန်းဝင်း၏ အဆိုပါစာအုပ်တွင် သာမန်လူတစ်ယောက်ချင်းစီက ပြုလုပ်နိုင်သော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းလမ်းများ၊ ဖွံ့ဖြိုးခြင်း၏ အဓိပ္ပာယ် စသည်တို့ကို ဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို Wisdom House စာအုပ်တိုက် အခန်း ၁၀၁ တိုက် ၁၁၉၁-၁၁၉၂ လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိထားသည်။

ခေါင်းဆောင်နှင့် သတ္တိ စာအုပ်ထုတ်ဝေ

စာရေးဆရာ သိပ္ပံစိုးလှရေးသားသည့် ခေါင်းဆောင်နှင့်သတ္တိစာအုပ် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါ စာအုပ်တွင် ကိုယ်ကျိုးကို မငဲ့ဘဲ မှန်သည်ကို ရဲဝံ့စွာ ပြောဆိုလုပ်ကိုင်တတ်သော အမေရိကန်လွှတ်တော်အမတ် ရှစ်ဦးအကြောင်းကို ရေးသားထားသည်။

အဆိုပါ စာအုပ်ကို Wisdom House စာအုပ်တိုက် အခန်း ၁၀၁ တိုက် ၁၁၉၁-၁၁၉၂ လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိထားသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ဆောင်ရွက်

နေပြည်တော် မတ် ၁၃

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၄၁)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း (၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်း (၂)ခုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၏ **ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ တောကျွဲအင်းကျေးရွာအုပ်စုအတွင်း လယ်ယာမြေများနှင့် လူနေအိမ်များ နှစ်စဉ်ရေလွှမ်းမိုးခံနေရခြင်းကို ကူညီဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် သဲနုန်းပို့ချလျက်ရှိသည့် သပိတ်ချောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်း၊ ရေစီးဆင်းမှုအများဆုံးဖြစ်သော သပိတ်ချောင်းပေါ်တွင် ရေလှောင်တမံငယ် တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သပိတ်ချောင်းတစ်လျှောက် သဲနုန်းတူးဖော်ရန်နှင့်ပတ်သက်၍ ခန့်မှန်းခြေအားဖြင့် ဆောင်ရွက်ရမည့် ချောင်းအလျားမှာ (၆ ဒသမ ၅)မိုင် ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အသေးစိတ်ကွင်းဆင်းလေ့လာတိုင်းတာမှုများကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းသဘောသဘာဝအရ နှစ်စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ရေစီးဆင်းမှု အများဆုံးဖြစ်သော သပိတ်ချောင်းပေါ်တွင် ရေလှောင်တမံငယ်တည်ဆောက်ပေးရန်နှင့်ပတ်သက်၍ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ ဇလဗေဒ၊ ဘူမိဗေဒနှင့် မြေပြင်စူးစမ်းလေ့လာတိုင်းတာမှုများကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး စူးစမ်းလေ့လာမှုအရ ရရှိသည့် အချက်အလက်များအပေါ် မူတည်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စူးစမ်းလေ့လာမှုများကို ဦးစွာဆောင်ရွက်ပြီး ရရှိသည့်အချက်အလက်များအပေါ် မူတည်ကာ ဖြစ်မြောက်နိုင်စွမ်းရှိပြီး အကျိုးကျေးဇူးပိုမိုရရှိနိုင်မည့် နည်းလမ်းဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရေး တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်၏ **စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း၌ရှိသော လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှ ချို့ယွင်းနေလျက်ရှိသော ပင်မမြောင်းများ၊ မြောင်းလက်တံများအား ပြန်လည်စိစစ်ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပင်မမြောင်းများ ပြန်လည်ပြုပြင်ခြင်း၊ မြောင်းပေါင်နှင့် မြောင်းဆလံများ ခိုင်မာကြံ့ခိုင်ရေး

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကျင်းပ

မေးခွန်း (၄)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းနှင့် အဆို (၂)ခု ဆွေးနွေးခြင်းတို့ဆောင်ရွက်

နေပြည်တော် မတ် ၁၃

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန်၏ **"တီးတိန်မြို့နယ် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ တီးတိန်မြို့နယ်တွင် ခုတင်(၁၀၀)ဆံ့ မြို့နယ်ဆေးရုံ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၁၀)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၇)ခု ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း။

ဆိုင်းဇန်ကျေးလက်ကျန်းမာရေးဌာနခွဲသည် မွာတင်း ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ရှိပါကြောင်း၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှ ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန် နေရာဒေသ ရွေးချယ်သတ်မှတ်ရေးအခြေခံမူများအဖြစ် ဌာနသစ်ဖွင့်လှစ်မည့်ကျေးရွာသည် လုံခြုံမှုရှိခြင်း၊ ယင်းကျေးရွာသည် ကျေးရွာအုပ်စု (၁၀)အုပ်စုမှ (၁၅)အုပ်စုအထိ သွားလာလုပ်ကိုင်နိုင်သောနေရာဖြစ်ခြင်း၊ ခက်ခဲသောဒေသကို ခြွင်းချက်အဖြစ် သတ်မှတ်ထားပြီး သာမန်အားဖြင့် လူဦးရေ (၁၀၀၀၀)မှ အများဆုံး (၁၅၀၀၀)ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်ခြင်း၊ အနီးအနားပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ရန်လွယ်ကူ၍ ဗဟိုအချက်အချာကျပြီး တိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံများသို့ လူနာများ ထပ်ဆင့်ပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (Sub-Center) ဖွင့်လှစ်ထားပြီး ကျေးရွာဖြစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုမိန့်ရပြီး တစ်နှစ်အတွင်း သတ်မှတ်ပုံစံအတိုင်း အမြဲတမ်းအဆောက်အအုံပြီးစီးအောင် ဆောက်လုပ်ရန်အတွက် ဒေသခံကျေးရွာပြည်သူလူထုက တာဝန်ယူနိုင်ခြင်းနှင့် ဆောက်လုပ်ဆဲကာလတွင်လည်း ဆေးခန်းဖွင့်လှစ်ရန် ယာယီအဆောက်အအုံ စီစဉ်ပေးနိုင်ခြင်းဟူ၍ သတ်မှတ်ထားပါကြောင်း။

သို့ပါ၍ တီးတိန်မြို့နယ်၌ ဖော်ပြပါအချက်အလက်များနှင့် ကိုက်ညီသောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနအသစ် ဖွင့်လှစ်ခွင့်ပြုရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှတင်ပြပြီး ချင်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး၏ ထောက်ခံချက်ဖြင့် အဆိုပြုတင်ပြပါက ဖွင့်လှစ်ခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐